တပေါ်စ တော် မင်္ဂလ မုတ္တမ်၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၁၀ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၈၃)

စိတ်ဓာတ်ကောင်းခြင်းဆိုတာမျိုးချစ်စိတ်ဓာတ်ထက်သန်ခြင်း

စိတ်ဓာတ်ကောင်းခြင်းဆိုတာ မျိုးချစ်စိတ်ဓာတ်ထက်သန်ခြင်း၊ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားဘဲ နိုင်ငံတော်အတွက် စွန့်လွှတ် စွန့်စားလိုစိတ်ရှိခြင်းနဲ့ စိတ်ဓာတ်မြင့်မြတ်ခြင်းတို့ဖြစ်တယ်။ စိတ်ဓာတ်ကောင်းရင် စည်းကမ်းကောင်းမယ်။ နိုင်ငံတော်၊ နိုင်ငံသားနဲ့ တပ်မတော်အပေါ် သစ္စာရှိမယ်။ အမျိုးသားရေး ယုံကြည်ချက်တစ်ခုတည်းအပေါ်မှာ စည်းလုံးညီညွတ်ကြမယ်။ ဒါကြောင့် စိတ်ဓာတ်ဟာအခြေခံအကျဆုံးနဲ့ အဓိကအကျဆုံးအချက်ပဲ ဖြစ်တယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

တပ်မတော်နှင့်ပြည်သူလက်တွဲပြီးနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးစီမံကိန်း အထူးဒေသကြီး(၂၄)ခုနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများအောင်မြင်ရေး ဖွံ့ဖြိုးရေးကွန်ရက်များအဖြစ်အချိတ်အဆက်မိအောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်အင်တိုက်အားတိုက်ဆောင်ရွက်

ရန်ကုန် မေ ၉

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရဲဘော်တို့–

တပ်မတော် နည်းပညာ တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့သိသင့်သိထိုက်တာတွေကို အလေးအနက်မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ဟာ သင်တန်းကာလ အတွင်းမှာ စစ်ပညာများနဲ့နည်းပညာ ဘာသာရပ်အသီးသီးတို့ကို လေ့ကျင့် သင်ကြားအောင်မြင်ခဲ့ကြပြီးဖြစ်တယ်။ ယနေ့ဆိုရင် စစ်ဘက်အင်ဂျင်နီယာခေါင်းဆောင်ငယ်များအဖြစ် တာဝန်ပေးခန့်အပ်ခြင်းကို ခံယူကြရတော့မှာ ဖြစ်တယ်။

ရဲဘော်တို့–

တပ်မတော်သားဘဝကို ခံယူရရှိလာကြတဲ့ ရဲဘော်တို့ဟာ တပ်မတော်ရဲ့မွန်မြတ်သော အစဉ်အလာ၁၂ရပ်ကို အသက်ပေးစောင့်ထိန်းကြရမယ်။

တပ်မတော်ရဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ပိုးနိုင်ဖို့အတွက် ရဲဘော်တို့ဟာ စိတ်ဓာတ်ကောင်းရမယ်၊ စည်းကမ်းကောင်းရမယ်၊ သစ္စာရှိရမယ်၊ စည်းလုံး ညီညွတ်မှုရှိရမယ်၊ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံရမယ်။ ဒါဟာ တပ်တိုင်း၊ ရဲဘော်တိုင်းမှာရှိရမယ့် အခြေခံအရည်အချင်းငါးပါးဖြစ်တယ်။

စိတ်ဓာတ်ကောင်းခြင်း

စိတ်ဓာတ်ကောင်းခြင်းဆိုတာ မျိုးချစ်စိတ်ဓာတ်ထက်သန်ခြင်း၊ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားဘဲ နိုင်ငံတော်အတွက် စွန့်လွှတ် စွန့်စားလိုစိတ်ရှိခြင်းနဲ့ စိတ်ဓာတ်မြင့်မြတ်ခြင်းတို့ ဖြစ်တယ်။

စာမျက်နှာ ၈ ကော်လံ ၁ ★

အပေါ်ပုံမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

သိမ်မွေ့သန့်စင်မွန်မြတ်သည့် ယဉ်ကျေးမှုဓလေ့စရိုက်နှင့်အညီ ရိုးရာမဟာသင်္ကြန်ရေသဘင်ပွဲ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

ယခုရက်ပိုင်းအတွင်း နေရာဒေသအနှံ့အပြားတွင် နှစ်သစ်ကူး မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ကြိုဆိုသည့် သင်္ကြန်တေးသီချင်းသံများ ကြားနေရသည်။ သင်္ကြန်တေးသီချင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် မြို့တော်အသံလွှင့်ဌာနများက မကြာခဏ ထုတ်လွှင့်ပေးနေခြင်းကြောင့်လည်း နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကြီး နီးလာပြီဟု အသိစိတ်ဝင်လာကြရသည်။

လောကဓာတ်တစ်ခွင်သစ်ပင်ပန်းမန်များကလည်း ရွက်ဟောင်းကိုခြွေ၍ ရွက်သစ်ဝေလျက် အားအင် အပြည့်ဖြင့် နှစ်သစ်ကို ကြိုဆိုနေသည်။

ရာသီမသိ ပန်းနှင့်ညီဆိုသကဲ့သို့ တန်ခူးလရောက်ပြီဆိုလျှင် တန်ခူး၏ပုံရိပ် ပန်းပိတောက်တို့သည် ဘယ်ယိမ်းညာနွဲ့ဖြင့် ဝေဝေဆာဆာဖူးပွင့်လေ့ရှိသည်။ တော်ဝင်ပန်းကဲ့သို့ မြတ်မြတ်နိုးနိုး ပန်ဆင်ကြသည်။ ငုဝါတို့ကလည်း သင်္ကြန်အမီဖူးပွင့်ရန် ပင်ယံထက်များတွင် စီစီရီရီဖူးငုံလျက်ရှိကြသည်။

ညှိလညှိအခါသည် ဖက်ဆွတ်မိုးရွာလေ့ရှိရာ မိုးနံ့၊ ရေနံ့၊ ပိတောက်နံ့တို့မှာ မြေသင်းနံ့နှင့်ရောလျက် သင်းပျံ့ကြိုင်လှိုင် နေတတ်ပေသည်။ ဤသည်မှာ မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် ပျော်ရွှင်ချမ်းမြေ့ဖွယ် အကောင်းဆုံးသော သင်္ကြန်ပွဲတော်ကြီး ဆင်နွှဲရတော့မည့် ရှေ့ပြေးနိမိတ်လက္ခဏာ ဖြစ်ပေသည်။

ယခုနှစ်သည် ယခင်နှစ်များနှင့်မတူဘဲ ရိုးရာဓလေ့ကို ပိုမိုထိန်းသိမ်းသည့် သင်္ကြန်ပွဲတော်ကြီးဖြစ်စေရန် သက်ဆိုင်ရာ အာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများက ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ပြည်ပမှကူးစက်လာသည့် သရုပ်ပျက်မှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဖီလာ ကန့်လန့်ဖြစ်စေသည့် ဝတ်စားဆင်ယင်မှုများ၊ ပြုမူပြောဆိုမှုများမရှိအောင် ကြိုးကြပ်ဆောင်ရွက်သွားမည် ဟုလည်း သိရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင် ပြုမူပြောဆိုမှုများ မပြုလုပ်ရန်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ ပြောဆိုမှုများ မပြုလုပ်ရန်၊ အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှု မပြုလုပ်ရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆိုကြိုးပမ်းမှုများကို မပြုလုပ်ရန် မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက တိုက်တွန်းနှိုးဆော်ထားသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသာမက မြန်မာနိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံခြားသားများပါ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည့်အပြင် နိုင်ငံတကာက အလေးထား စိတ်ဝင်စားသည့် ပွဲတော်ကြီးလည်းဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများအနေဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်း၍ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်နိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းကောင်းသည့်လူမှုပတ်ဝန်းကျင်သည် အမြင်တင့်၍ အဆင်းလှသည်။ ကောင်းသောပတ်ဝန်းကျင်ကို လူတို့ဘာသာဖန်တီး၏။ လူတို့သည် အမြင်တင့်၍ လှပသော ပတ်ဝန်းကျင်ကို ဖန်တီးရန်သာလိုလားကြသည်။ အကျည်းတန် အရုပ်ဆိုးသော ပတ်ဝန်းကျင်ကို မည်သူမျှအဖြစ်မခံ၊ အရောက်မခံလိုကြပေ။

အဘယ်ကြောင့်ဆိုသော် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ယဉ်ကျေးမှုထွန်းကားသော နိုင်ငံဖြစ်သောကြောင့်ဖြစ်သည်။ မိမိတို့လူမျိုးသည် ကိုယ်ကျင့်စရိုက်လက္ခဏာများနှင့် ပြည့်စုံ၏။ ဟီရိဩတ္တပ္ပတရားနှင့် ပြည့်စုံ၏။ ခေတ်အဆက်ဆက် ယဉ်ကျေးသိမ်မွေ့သော ရိုးရာဓလေ့စရိုက်နှင့် ပြည့်စုံသော ကောင်းသောအမွေခံကောင်းများကို လက်ဆင့်ကမ်းပေးသော နိုင်ငံဖြစ်သည်။

သို့ဖြစ်ရာ မဟာသင်္ကြန်ကာလအတွင်း ယဉ်ကျေးမှုထိန်းသိမ်းလိုက်နာပြီး စည်းကမ်းရှိရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အလျောက် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲကြသူများ အနေဖြင့် မလျော်ကန်သည့် အပြုအမူများ၊ ဓလေ့စရိုက်များကို ရှောင်ရှားပြီး သိမ်မွေ့သန့်စင်မွန်မြတ်သည့် ယဉ်ကျေးမှုဓလေ့စရိုက်များနှင့်အညီ ရိုးရာမဟာသင်္ကြန် ရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တစ်နေ့တန် ၂၀၀ကျ ပျော့ဖတ်စက်ရုံ(သာပေါင်း)စီမံကိန်းနှင့် ပုသိမ်မှန်စက်ရုံ စက်မှု(၁) ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဝင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၅ ရက် ညနေပိုင်းက မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့ တန် ၂၀၀ကျ ပျော့ဖတ်စက်ရုံ (သာပေါင်း)စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းအစည်းအဝေးခန်းမ၌ စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများနှင့် သစ်ဝါးကုန်ကြမ်းများ ထုတ်လုပ်ပေးသွင်းမည့် လုပ်ငန်းရှင်များအား တွေ့ဆုံကာ တစ်နေ့ တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံ စက်စွမ်းအားပြည့် လည်ပတ် အသုံးပြုသွားလာနိုင်ရန်အတွက် လိုအပ်သော ဝါးကုန်ကြမ်းများ ကုန်းလမ်း၊ ရေလမ်းတို့မှ လုံလောက်စွာ ထုတ်လုပ်ရရှိသွားနိုင်မည့် အခြေအနေများ၊ ကုန်ထုတ်လမ်းကြောင်းများ ဖောက်လုပ်နေမှု အခြေအနေများ၊ ကုန်ကြမ်းသယ်ယာဉ်များ စုဆောင်းပြင်ဆင်နေမှု အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့် သစ်ဝါးကုန်ကြမ်းများ ထုတ်လုပ်ပေးသွင်းမည့် လုပ်ငန်းရှင်များလိုက်ပါလျက်ကုန်ကြမ်းစိုက်ခင်းနေရာများ၊ ကုန်ကြမ်းများ သယ်ယူပို့ဆောင်မည့် လမ်းကြောင်းများ၊ ဘောမီချောင်းနှင့် ကြိမ်နီချောင်းတို့ကို ဆက်သွယ်ဖောက်လုပ်သွားနိုင်ရန်အတွက် မြေသားတမံ တူးဖော်မည့် နေရာများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် အပြီးသတ် စက်တပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စက်ရုံစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်တပ်ဆင်မှုလုပ်ငန်းများ အချိန်မီ ဆောင်ရွက်ပြီးစီးရေး၊ စက်စမ်းသပ်လည်ပတ်မှုနှင့် စီးပွားဖြစ်ထုတ်လုပ်မှုများကို အစောဆုံး စတင်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း ပုသိမ် မှန်စက်ရုံသို့ရောက်ရှိ၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်များ စွမ်းအားပြည့် ထုတ်လုပ်ဆောင်ရွက်သွားနိုင်ရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီကောင်းမွန်ရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များ လျှော့ချသွားနိုင်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာ မိုးကုတ်ရိပ်သာ ဒုလ္လဘရဟန်းခံပွဲနှင့်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၉

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၉)ကျောင်းသစ်ကျောင်း၏ နှစ်စဉ်ကျင်းပအပ်သော ဒုလ္လဘရဟန်းခံပွဲကို သင်္ကြန်မတိုင်မီ ကြိုတင်ကျင်းပပြုလုပ်ပြီး တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ရက်ထိ ပြုလုပ်ကာ မိတ္ထီလာ မိုးကုတ်ရိပ်သာ ပဓာန နာယက ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စ သမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော် များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ (၂၀၀၄) ကျင်းပရေး ဗဟိုကောင်စီအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက အမှာစကားပြောကြားပြီး အမှုဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အောင်သန်း (အငြိမ်းစား)က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြသည်။

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ(၂၀၀၄)ကို မေ ၄ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၈ရက်တွင် သူနာပြုတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပမည် ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်မှာ "ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏ စိတ်ထားမှန်" ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ပသုံးလုံး ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၉

အာဒိကမ္မိက ဆရာကြီးဦးပဂျိုင်၏ ပသုံးလုံးဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိက (မဟာကမ္မဋ္ဌာနာစရိယ) သည် ခုနစ်ရက် သင်္ကြန်တရားစခန်းကို ဧပြီ ၁၀ရက်မှ ၁၇ရက်ထိ ရွှေတိဂုံ အရှေ့စောင်းတန်း ကြားတောရလမ်း ဗဟန်းမြို့နယ်တွင် ကျင်းပမည် ဖြစ်ရာ စခန်းဝင်လိုသူများ ဖုန်း- ၃၇၇၇၃၁ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

လမ်း၊ တံတားအတွက် အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ညောင်နှစ်ပင်သီးနှံစိုက်ပျိုးမွေးမြူရေး အထူးဇုန်(၂)ရှိ စီ-၁၂လမ်းပေါ်တွင် ပြည်သူများ ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်စေရန် လမ်း၊ တံတား တည်ဆောက်လျက်ရှိရာ ညောင်ကန်အေး လောကချမ်းသာ ပရဟိတ ကျောင်း၏ နာယကများ ဖြစ်ကြသော နယူးယောက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒကနှင့် ညောင်ကန်အေး ဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဣန္ဒက တို့က ကျပ် ၃၀၀၀၀၀၊ ဦးအိုက်ကြည် ကြက်မွေးမြူရေးခြံက ကျပ်၂၀၀၀၀၀ စီ-၁၂/စီ-၁၃လမ်းနေ အခြားအလှူရှင်များက ကျပ်၂၂၉၀၀၀ စုစုပေါင်းကျပ် ၇၂၉၀၀၀ ကို ညောင်ကန်အေး လောကချမ်းသာပရဟိတကျောင်း၌ ဧပြီ ၆ရက် နံနက် ၁၀ နာရီတွင် ဇုန်တာဝန်ခံ ဦးကျော်ဆွေဝင်းသို့ ပေးအပ်လှူဒါန်းသည်။ **(က-ပ)**

ဗဟန်း အလက(၃) အခြေခံပညာမူလတန်းနှင့် အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၁၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက ကျောင်းသူတစ်ဦးအား အခြေခံပညာအလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ စက်ချုပ်သင်တန်းဖွင့်ပွဲနှင့် သိုးမွေးစက်ထိုးသင်တန်းဆင်းပွဲ အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အိမ်တွင်းမှုသင်တန်းကျောင်း၏ စက်ချုပ်သင်တန်းအမှတ်စဉ်(၃၂/၂၀၀၄)ဆင်းပွဲ၊ စက်ချုပ်သင်တန်းအမှတ်စဉ် (၃၃/၂၀၀၄)ဖွင့်ပွဲနှင့် သိုးမွေးစက်ထိုး သင်တန်းအမှတ်စဉ် (၂/၂၀၀၄)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါအသင်းဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ဗဟိုအလုပ်အမှုဆောင်များ၊ကြီးကြပ်ကော်မတီနာယကများ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ် အမှုဆောင် ဒေါ်ခင်ဆွေညွန့်တို့က စက်ချုပ်သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒေါ်ကျင်ခိုင်က သိုးမွေးစက်ထိုး သင်တန်း သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

လက်ဆောင်ပစ္စည်း

ထို့နောက် သင်တန်းသူများက အိမ်တွင်းမှုသင်တန်းကျောင်းအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ကြီးကြပ်ကော်မတီနာယကဒေါ်စန်းစန်းမြင့်ထံ ပေးအပ်ကြသည်။

စာရင်းပေးသွင်းနိုင်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သည့် ပုံမှန်သင်တန်းများကို ဧပြီ ၂၇ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သီရိလင်္ကာဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်သော မစ္စတာ မဟင်ဒါရာဂျာပက်(ခ်) စီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၃၂/၂၀၀၄)ဆင်းပွဲနှင့် သိုးမွေးစက်ထိုးသင်တန်း (၂/၂၀၀၄) ဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းအား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဒုတိယဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် ဧပြီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းအား ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fun)မှ ဒုတိယဌာနေ ကိုယ်စားလှယ် Ms. Elke Wish သည် အဖွဲ့ဝင်နှစ်ဦးလိုက်ပါလျက် ယနေ့ မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးရုံး ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးရုံး အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ရုံးအဖွဲ့မှူး ဦးမောင်ပီတို့လည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဧပြီ ၉

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်တွင် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီတွင် နဝင်္ဂသီလ ချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်နာယကချုပ်၊ ဒုတိယနာယကချုပ် ဆရာတော်များက ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီး အခြေခံနှင့်ဒီပလိုမာသင်တန်းဆင်းလက်မှတ်ပေးအပ် နိုင်ငံတကာပြိုင်ပွဲဝင် အားကစားမောင်မယ်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသော ၂၀၀၄ ခုနှစ် နွေရာသီအခြေခံအားကစား သင်တန်းများဆင်းပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် ဆုများ ချီးမြှင့်သည်။

ရှေးဦးစွာ ဝန်ကြီးကအမှာစကား ပြောကြားပြီး အားကစားနည်း ၂၈ မျိုး သင်တန်းဆင်းလက်မှတ်များကို အားကစားသမားတစ်ဦးအားလည်းကောင်း၊ နည်းပြဆရာထောက်ပံ့စရိတ်ငွေကျပ် ခြောက်သိန်းခုနစ်သောင်းငါးထောင်ကို တာဝန်ခံနည်းပြဆရာတစ်ဦးအားလည်းကောင်း ပေးအပ်ချီးမြှင့်ကာ သင်တန်းတွင်ဆုရရှိကြသောကရာတေးဒိုးသေနတ်ပစ်၊ ပြိုင်စက်ဘီး၊ဘိလိယက်နှင့် စနူကာ၊ကိုယ်ကာယအလှမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများအသီးသီးချီးမြှင့်သည်။

အမှာစကား

ထို့နောက် ဝန်ကြီးသည် နံနက် ၁၀နာရီတွင် အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်) ၌ကျင်းပသော အားကစား ဒီပလိုမာသင်တန်းအမှတ်စဉ်(၇) ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ၂၀၀၄ ခုနှစ် ဧပြီ ၁၈ ရက်မှ ၂၆ ရက် အထိဂျပန်နိုင်ငံဟီရိုရှီးမားမြို့၌ ကျင်းပမည့် ၂၀၀၄ ခုနှစ် အေသင် အိုလံပစ် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီး ဒေါက်တာပင်ဒိုရာအောင်ကြီး ခေါင်းဆောင်သော အုပ်ချုပ်သူ၊နည်းပြဆရာနှင့် အားကစားသမားစုစုပေါင်း ၂၆ ဦးပါဝင်သော မြန်မာအမျိုးသမီးဘောလုံးအဖွဲ့ဝင်များနှင့် ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်မှ ၂၅ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် ၂၀၀၄ ခုနှစ် အာရှတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးရော်ဘင်တင် ခေါင်းဆောင်သော အုပ်ချုပ်၊ နည်းပြ၊ အားကစားသမား စုစုပေါင်း အားကစားအဖွဲ့ဝင်ခုနစ်ဦးပါဝင်သော မြန်မာကြက်တောင်ရိုက် အားကစားအဖွဲ့တို့အား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ပုပ္ပားစကားဝါမြေဆရာတော် မဟာသင်္ကြန်အထူးတရားပွဲ

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိပဏ္ဍိတာရာမစာသင်တိုက် နာယကစာချသာသနာပြုနယ်လှည့် ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော်ဘဒ္ဒန္တပညာဝံသသည် ဧပြီ ၁၂ ရက်(မဟာသင်္ကြန်အကြိုနေ့)နှင့်ဧပြီ ၁၃ ရက် (မဟာသင်္ကြန်အကျနေ့) တို့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၃ ရပ်ကွက် မဟာဆွေလမ်းဓမ္မသဘင်၌လည်းကောင်း၊ ဧပြီ၁၄ရက် (မဟာသင်္ကြန်အကြတ်နေ့)တွင် ရွှေပြည်သာမြို့နယ် ဏ/၁၄ရပ်ကွက် ပန်းခြံ ၁၉ ဓမ္မသဘင် ၌လည်းကောင်း၊ ဧပြီ ၁၆ ရက် (မဟာသင်္ကြန်အတက်နေ့) တွင် လှိုင်မြို့နယ် ၁၃ ရပ်ကွက် သီရိမြိုင် ၇လမ်း ဓမ္မသဘင်၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

စွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲဆပ်ကော်မတီများညှိနှိုင်း

ရန်ကုန် ဧပြီ ၉

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ စွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲကျင်းပရေး ကော်မတီနှင့် အထောက်အကူပြုဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း (အထူးတန်း) ရှိ ရိုးရာအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသီရိ သီရိသုဓမ္မသီရိ လူမှုထူးချွန် (ပထမဆင့်) ဒေါ်မိမိခင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်/လေ့ကျင့်) ဦးသန်းဇော်က ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်သူများက ကဏ္ဍအလိုက်တင်ပြ အကြံပြုကြသည်။ ထို့နောက် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၀၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာစွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲကို ရန်ကုန်မြို့ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) အနီးရှိ လေ့ကျင့်ရေးကွင်းပြင်တွင် ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ပွဲစဉ်များပြီးဆုံးသည်အထိ ကျင်းပသွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် ငွေနှင့် စာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ကမေလတွင်ကျင်းပမည့် တတိယ အကြိမ် စာပေညီလာခံ ဗဟို ဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ ဦးခင်ဆွေ (ရွှေစွန်ညို)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် လာဘ်မိုးဆွေ စာပေတိုက် အယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေးက တန်ဖိုးငွေကျပ် ၂၀၀၀၀၀ ရှိ မဂ္ဂဇင်းမျိုးစုံ အုပ်ရေ ၃၀၀ နှင့် ဖျာပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးသန်းမောင်(သန်းမောင်) က လက်ခံပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

လှူဒါန်းနိုင်

အလှူငွေဖြစ်စေ၊အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း- ၂၅၂၄၁၇၊ ၂၅၄၁၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)၏ ၂၀၀၃-၂၀၀၄ အထက်တန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၃၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းသွယ်က အထက်တန်းအဆင့် ပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

တာမွေမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၃၃)၏ ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်း၌ ထူးချွန် ပထမရရှိသော မောင်ဝင်း ဖြိုး အား ကျောင်း အုပ်ဆရာမကြီး ဒေါ်ခင်အေးက ဆုချီးမြှင့်စဉ်။ (က-ပ)

သယ်ယူ

ဧပြီ ၈ ရက်က ဖော်လူဂျာမြို့တွင် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို အခြားတပ်ဖွဲ့ဝင်တစ်ဦးက ဖေးမသယ်ယူနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်နှင့် ဘာလက်ဒ်တွင် သီးခြားဖြစ်ပွားသော တိုက်ခိုက်မှုများ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဧပြီ ၈

ဘဂ္ဂဒက်နှင့် ဘဂ္ဂဒက်မြောက်ဘက်တွင် ဖြစ်ပွားသော သီးခြားတိုက်ခိုက် မှုများ၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ယနေ့ပြောကြားသည်။

ဘဂ္ဂဒက်ရှိ ဒိုင်ယာလာရဲစခန်းကို စောင့်ကြပ်နေသော လုံခြုံရေးတပ်များ နေရာတွင် လဲလှယ်သော ယာဉ်တန်းကို ယနေ့နံနက် ၆ နာရီခွဲ၌ ဒုံးပစ်လောင်ချာ ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမှတ်(၁)သံချပ်ကာတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဘဂ္ဂဒက်မြောက်ဘက်ရှိဘာလက်ဒ်မြို့အနီး၌ ယမန်နေ့ ည ၈နာရီ ၃၅ မိနစ်တွင် တန်ပြန်တိုက်ခိုက်ရေး ဆောင်ရွက်စဉ် အမှတ် (၁) ခြေမြန်တပ်မှတပ်ဖွဲ့ဝင်တစ်ဦးနှင့်အခြားတစ်ဦး ဒဏ်ရာရကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဒဏ်ရာရ တပ်ဖွဲ့ဝင်ကို ဂျာမနီရှိ ဆေးရုံသို့ ပို့ပေးခဲ့ရာ အခြေအနေကောင်းသည်ဟု စစ်ဘက်ဆိုင်ရာက ဆက်လက်ပြောကြားသည်။

ယခုသေဆုံးမှုများကို ထည့်တွက်လျှင် လွန်ခဲ့သည့် နှစ်ရက်အတွင်း သေဆုံးသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင် အရေအတွက်သည် ၁၅ ဦးထိ တိုးသွားခဲ့သည်။

(အင်တာနက်)

အီရတ်နိုင်ငံအရေး ကန့်ကွက်တို့ပါဝင် ပတ်သက်မှု ဒီမိုကရက်အမတ် အက်ဒ်ဝပ်ကနေဒီ ဝေဖန်

ဝါရှင်တန် ဧပြီ ၇

အမေရိကန် သမ္မတဘုရှ်သည် အမေရိကန်ပြည်သူလူထုအား လွဲမှားသော ဦးဆောင်မှုပေးခဲ့ကြောင်း အီရတ်နိုင်ငံရေးကိစ္စ၌ အမေရိကန်တို့ပါဝင်ပတ်သက်ခြင်းကြောင့် အီရတ် နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒဆုံးရှုံးမှု ကို ဖြစ်စေခဲ့ကြောင်း အမေရိကန်ထိပ်တန်းဥပဒေပြု အမတ်တစ်ဦးဖြစ်ပြီး ဒီမိုကရက်လွှတ်တော် အမတ်တစ်ဦးဖြစ်သည့် အက်ဒ်ဝပ်ကနေဒီက ပြောကြားလိုက်သည်။

အကြမ်းဖက် တိုက်ခိုက်မှုများကိုချေမှုန်းရာ၌ အခြားတိုင်းပြည်များ အား တိုက်ခိုက်ရန်မလိုဘဲ ညှိနှိုင်းဆွေးနွေးရန် လိုအပ်ကြောင်း၊ သမ္မတ ဘုရှ်ပြုလုပ်ခဲ့သည်မှာ ပြဿနာဖြစ်ပြီး ဖြေရှင်းမှုမဟုတ်ကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

ဖော်လူဂျာ၌ ကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ် ဒုံးကျည်ထိမှန်၍ အိမ်တစ်လုံးပျက်စီး၊ လူ ၂၅ ဦးသေဆုံး

ဖော်လူဂျာ ဧပြီ ၈

အီရတ်နိုင်ငံဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့များနှင့် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ တိုက်ပွဲဖြစ်ပွားခဲ့ရာ အိမ်တစ်လုံးပျက်စီးခဲ့ရပြီး လူ ၂၅ ဦးထက်မနည်း သေဆုံးကြောင်း မျက်မြင်တွေ့ရှိသူ များနှင့်ဆရာဝန်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပစ်ခတ်

ဖော်လူဂျာမြို့တွင် ပျက်စီးသွားသော အဆိုပါ အိမ်သည်အင်္ဂါနေ့ညက၌ အမေရိကန်ရဟတ်ယာဉ်များက ဒုံးကျည်များနှင့်ပစ်ခတ်ခြင်းကြောင့်ဖြစ်သည် ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အဆိုပါအိမ်သည်လုံးဝပြိုကျပျက်စီးသွားခဲ့ကြောင်း ထိုအိမ်၌ မိသားစု လေးစုနေပြီး သေဆုံးသူအချို့ပျက်အစီးများထဲ၌ မြုပ်နေဆဲဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ပျက်စီးသွားသော ယင်းအိမ်ထဲမှ သေဆုံးသူများအပါအဝင်အင်္ဂါနေ့၌ ဖော်လူဂျာတွင် သေဆုံးသူ ၃၀ ထက်မနည်းရှိကြောင်း ဆရာဝန်များက ပြောကြားသည်။ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် ခုခံတိုက်ခိုက်ရေးဒေသရှိ ပြောက်ကျားများကို ဖော်လူဂျာနှင့်ရာမာဒီမြို့များတွင် လွန်ခဲ့သည့်လကစပြီးနှိမ်နင်းခဲ့သည်။

(အမ်အင်အေ ရိုက်တာ)

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

ဧပြီ ၈ ရက်က ဘဂ္ဂဒက်မြို့ အယ်ဆာဒါအရပ်တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင် အများအပြား ဆာဒါ၏ ပြောက်ကျားတပ်ဖွဲ့က ဖမ်းဆီးထားကြောင်းပြောဆို

ဘေရွတ် ဧပြီ ၈

အီရတ်နိုင်ငံအနှံ့တွင် လတ်တလော ဖြစ်ပွားနေသော တိုက်ပွဲများအတွင်း အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အများအပြားကို မိမိအား ထောက်ခံသူ ပြောက်ကျားများက ဖမ်းထားကြောင်း အီရတ်ခေါင်းဆောင် မော်တာဒါအယ်လ်ဆာဒါ၏ ထိပ်တန်းလက်ထောက်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

နာဂျက်ဖ်မြို့၌ သတင်းစာရှင်းပွဲ လုပ်ရာတွင်အယ်လ်ဆာဒါ၏ထိပ်တန်း လက်ထောက်ကေးအယ်လ်ခါဇာလီက ထိုသို့ပြောဆိုသော်လည်း အသေးစိတ်ကိုမူ ပြောဆိုခြင်းမပြုဘဲ နေသည်။

ပြောကြား

ဆာဒါ၏ ပြောက်ကျားအဖွဲ့ကို ဖျက်ဆီးမည်ဟု ဗုဒ္ဓဟူးနေ့အစောပိုင်း၌ အမေရိကန်စစ်ဘက်က ကတိပြုသည်ကို ခါဇာလီက ပြစ်တင်ရှုတ်ချလိုက်ပြီး မီဒီပြည်သူ့စစ်သည် အီရတ်ပြည်သူတို့ဖြစ်ပြီး အီရတ်ပြည်သူတို့ကိုဖျက်ဆီးခြင်းသည် ရာဇဝတ်မှုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြင်းထန်လာ

အီရတ်မြို့ကြီးများတွင် အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက တိုးမြင့်တိုက်ခိုက်လာလျှက်ရှိရာ တိုက်ပွဲများ ပြင်းထန်လျှက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ဆာဒါထောက်ခံသူများနှင့် ပိုလန်တပ်ဖွဲ့ဝင်များ ကာဘာလာမြို့လယ်၌ ညလုံးပေါက် တိုက်ပွဲဖြစ်ပွား

ကာဘာလာ ဧပြီ ၈

အီရတ်နိုင်ငံ ကာဘာလာမြို့လယ်ကောင်တွင် ညလုံးပေါက် တိုက်ပွဲဖြစ်ပွားစဉ် အီရတ်ခေါင်းဆောင်အယ်လ်ဆာဒါ၏ရုံးအဖွဲ့အကြီးအကဲ မာဇာဒါ အယ်လ်မူဆာဝီ ပိုလန်တပ်ဖွဲ့ဝင်များ လက်ချက်ဖြင့် သေဆုံးသွားကြောင်း အီရတ်ရဲအဖွဲ့က ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ညလုံးပေါက် တိုက်ပွဲသည် နံနက် ၇ နာရီ၌ပြီးဆုံးသွားကြောင်း၊အီရတ်ခုနစ်ဦးသေဆုံးပြီး အီရတ်လုံခြုံရေး အရာရှိငါးဦးဒဏ်ရာရကြောင်း၊ ပိုလန်တပ်ဖွဲ့ဝင်များထိခိုက်သေဆုံးမှုမရှိကြောင်း ပိုလန်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ရောဘတ်စတာဇီလက်ကီးက ပြောကြားသည်။

ဆာဒါ၏ပြည်သူ့စစ်များသည် တနင်္ဂနွေနေ့ကစပြီး အီရတ်တောင်ပိုင်းနှင့် အလယ်ပိုင်းအနှံ့တွင် အမေရိကန်နှင့် အပေါင်းပါတပ်များကို တိုက်ခိုက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ချော့ကလက်စားသည့် ကိုယ်ဝန်ဆောင်မိခင်များ မွေးဖွားလာသည့် သားသမီးအပေါ် အကျိုးပြုမှုများပြား

လန်ဒန် ဧပြီ ၈

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ချော့ကလက်စားသုံးခြင်းကြောင့် ကလေးငယ်များ ကျန်းမာရေးကိုများစွာ ကောင်းမွန်စေကြောင်း သုတေသနပြုသူများက ပြောကြားသည်။

လန်ဒန်မြို့ ဟီလ်ဆန်ကီတက္ကသိုလ်ရှိ သိပ္ပံပညာရှင်များက ပြောကြားရာတွင် ချော့ကလက်စားသုံးသည့် ကိုယ်ဝန် ဆောင်မိခင် ၃၀၀ အား နေ့စဉ်စမ်းသပ်မှုပြုရာတွင် ချော့ကလက်စားသုံးခြင်းကြောင့် ကလေးများ၏ ကြီးထွားမှုနှင့် အခြားအခြေနေများအပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှုဖြစ်စေကြောင်း ပြောကြားသည်။

ချော့ကလက်စားသုံးသည့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကလေးမီးဖွားပြီးနောက် ခြောက်လအကြာ ၎င်းတို့မွေးဖွားလိုက်သည့် သားသမီးလေးများမှာ ပြုံးရွှင်မှုနှင့် ရယ်မောမှုစသည့် ချစ်စဖွယ်အမူအရာများ ပိုမိုပြုလုပ်တတ်ကြကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

ကန်နှင့်အပေါင်းပါတို့ အီရတ်ထိန်းချုပ်ရေး အလုပ်ဝေးနေဆဲ ခုခံတိုက်ခိုက်မှုများနှင့် လက်နက်စွဲကိုင်မှုများ ပိုမိုကြီးထွားလာ ဖော်လူဂျာနှင့် အဘူဂါရိုပ်၌ ခုခံတိုက်ပွဲများဖြစ်ပွား ဧပြီ ၈ ရက်အထိ အီရတ်၌ကန်တပ်ဖွဲ့ဝင်သေဆုံးသူ ၆၄၂ ဦးရှိပြီ

ဝိုင်းအုံဆုတောင်း

ဧပြီ ၈ ရက်က ဖော်လူဂျာ၌ ပြောက်ကျားတို့၏ ခုခံတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအနီး၌ ဝိုင်းအုံ၍ ဆုတောင်းနေကြသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဧပြီ ၈ ရက်နေ့အထိ အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၆၄၂ ဦးအထိ ရှိသွားပြီဖြစ်သည်။) (ဓာတ်ပုံ အင်တာနက်)

ဧပြီ ၈ ရက်က နာဂျက်ဖ်မြို့၌ လက်နက်စွဲကိုင် တိုက်ပွဲဝင်ရန် ပြင်ဆင်နေသော အီရတ်တို့က အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်သံများဖြင့် ကြွေးကြော်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

အီရတ် မြင်ကွင်း

ဧပြီ ၈ ရက်က ဖော်လူဂျာမြို့၌ ပြောက်ကျားများ၏ စိန်ပြောင်းထိမှန်မှုကြောင့် ဒဏ်ရာရရှိသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား ထမ်းစင်ဖြင့် သယ်ဆောင်လာသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မီးလောင်ကျွမ်း

ဧပြီ ၈ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ရုံးချုပ်ကို အီရတ်ပြောက်ကျားတို့တိုက်ခိုက်ပြီးနောက် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုက်ခိုက်ခံရ

ဧပြီ ၈ ရက်က ဘဂ္ဂဒက်အနောက်ပိုင်း အဘူဂါရိုပ်အနီး၌ အမေရိကန် လောင်စာဆီ တင် ယာဉ် တိုက်ခိုက်ခံရပြီးနောက် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

10-4 (5).p65 1 3/25/05, 10:11 PM

ဟော်ဝီဂျာ၌ အီရတ်ဆန္ဒပြသူများနှင့်ကန်တပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွား
ဘဂ္ဂဒက်အနောက်ဘက်၌ မရိန်းတပ်ဖွဲ့ဝင်များနှင့်ပြောက်ကျားတို့ တိုက်ပွဲပြင်းထန်

ကယ်ကွတ် ဧပြီ ၈

အမေရိကန်နှင့်အပေါင်းပါတပ်များအား ခုခံတိုက်ခိုက်ခြင်းကို ထောက်ခံသော ဆန္ဒပြသူများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဗုဒ္ဓဟူးနေ့က ပဋိပက္ခဖြစ်ပွားခဲ့ရာ အီရတ်ရှစ်ဦး သေဆုံးသွားခဲ့သည်။

ကယ်ကွတ်အနောက်တောင်ဘက် ကီလိုမီတာ ၅၀ ရှိ ဟော်ဝီဂျာတွင် ဆန္ဒပြသူများသည် ဘဂ္ဂဒက်အနောက်ဘက်၌ အမေရိကန်တပ်များကို တိုက်ခိုက် နေသော အီရတ်ခုခံရေး ပြောက်ကျားများနှင့် ပေါင်းစည်းမှုကို ပြခဲ့ကြသည်။

ဖြစ်ပွား

အဆိုပါ ဟော်ဝီဂျာမြို့၌ ဖြစ်ပွားခဲ့သော တစ်နာရီကြာ ပဋိပက္ခ စတင်ဖြစ်ပွားရသည့်အကြောင်းကို ရှင်းလင်းစွာမသိရဟု ဆိုသည်။ ပြီးခဲ့သော ရက်အနည်းငယ်အတွင်း၌ ဘဂ္ဂဒက်အနောက်ဘက်ရှိ ပြောက်ကျားများနှင့် အမေရိကန်မရိန်းတပ်များသည် တိုက်ပွဲများ ကြောက်ခမန်းလိလိ ဖြစ်ပွားခဲ့သည်။

တိုက်ခိုက်

ထို့ပြင် အီရတ်တောင်ပိုင်းနှင့် အလယ်ပိုင်းတွင် အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်အား သိမ်းပိုက်ထားခြင်းကို ဆန့်ကျင်သော အီရတ်တို့က အမေရိကန်နှင့် အပေါင်းပါတပ်များကို အကြီးအကျယ် တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ

တိုက်ခိုက်ရန်ကြိုးစား

ဧပြီ ၈ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အရပ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် ကြိုးစားနေသော အီရတ်ခုခံ တိုက်ခိုက်ရေးသမားတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား တိုးမြှင့်တိုက်ခိုက်ရန်
အယ်လ်ဇာကာဝီက အီရတ်ပြောက်ကျားများကို တိုက်တွန်း

ဒူဘိုင်း ဧပြီ ၈

ဂျော်ဒန်နိုင်ငံတွင် မျက်ကွယ်၌ သေဒဏ်ချမှတ်ခြင်းခံထားရသော အယ်လ်ခိုင်ဒါအဆင့်မြင့်ခေါင်းဆောင် အဘူမူဆက်အယ်လ်ဇာကာဝီက အမေရိကန်တပ်ဖွဲ့ဝင်များ ၎င်းတို့နှင့်ပူးပေါင်းသူများအား အဆင့်တိုးမြှင့် တိုက်ခိုက်ကြရန် အီရတ်ပြောက်ကျားများကို အင်္ဂါနေ့က တိုက်တွန်းလိုက်သည်။

တိုက်တွန်း

အစ္စလာမ္မစ်ဝက်ဘ်ဆိုက်မှနေ၍ ထုတ်လွှင့်သော တိပ်ခွေတွင် အဘူမူဆက်အယ်လ်ဇာကာဝီက ထိုသို့ တိုက်တွန်းထားခြင်းဖြစ်သည်။ ထို့ပြင် အယ်လ်ဇာကာဝီက အမေရိကန်တို့နှင့် သူတော်ကောင်း ယောင်ဆောင်သူများကို တိုက်ပွဲဝင်ရန်လည်း တိပ်ခွေ၌ တိုက်တွန်းထားသည်။

ယုံကြည်

လန်ဒန်အခြေစိုက် မက်ရီဇီသမိုင်းလေ့လာရေးဌာန ညွှန်ကြားရေးမှူး ဟာနီအယ်လ်ဆာဘေအီက ယင်းတိပ်ခွေသည် ဇာကာဝီ၏အသံဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောဆိုသည်။ ဇာကာဝီ၏ ယခင်တိပ်ခွေများ မိမိ၌ရှိကြောင်း၊ ထိုတိပ်ခွေများနှင့် ယခုတိပ်ခွေကို နှိုင်းယှဉ်ကြည့်သည့်အခါ အတူတူဖြစ်ကြောင်း ၎င်းက ရိုက်တာသို့ ဖုန်းဖြင့် ပြောကြားသည်။

အီရတ်၌ အသံသွင်းထားသည်ဟု ယုံကြည်ရသော ယင်းတိပ်ခွေတွင် ဇာကာဝီက လွန်ခဲ့သည့်ဧပြီလကစပြီး ဘဂ္ဂဒက်ကို အမေရိကန်တပ်များ သိမ်းခဲ့ချိန်ကစ၍ အမေရိကန်နှင့်အပေါင်းပါတပ်များကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ပြောဆိုထားသည်။ နောက်ဆုံး တိုက်ခိုက်မှုမှာ အီရတ်ရှိ မောင့်လက်ဘနွန်ဟိုတယ်ရှိ အစ္စရေး မှော်ဆက်ထောက်လှမ်းရေးအဖွဲ့တို့ဖြစ်ကြောင်း ဇာကာဝီကပြောသည်။ **အမ်အင်အေ၊ရိုက်တာ**

အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်း ဘဂ္ဂဒက်မြောက်ဘက်၌ ပစ်ချခံရ

ဘဂ္ဂဒက် ဧပြီ ၈

အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် ဘဂ္ဂဒက်မြောက်ဘက်တွင် ဗုဒ္ဓဟူးနေ့က ပစ်ချခံခဲ့ရသော်လည်း မြေပြင်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ အိုအိပ်ချ် ၅၈ ရဟတ်ယာဉ်သည် ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၆၀ ရှိ ဘာကူဘာအနီး၌ ပစ်ခတ်ခံရပြီး မြေပြင်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း အမေရိကန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖြစ်ပွား

ရဟတ်ယာဉ် ထိခိုက်ပျက်စီးမှုအနည်းငယ်ရှိသော်လည်း သေဆုံးမှု မရှိကြောင်း ၎င်းကပြောဆိုသည်။ ယင်းသို့ ရဟတ်ယာဉ်ဆင်းသက်ခဲ့ပြီး နောက် အဆိုပါဒေသတွင် တိုက်ပွဲကြီးဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ များက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက နိုင်ငံခြားသား၁၁ဦးကိုဓားစာခံအဖြစ်ဖမ်းဆီးထား

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် တောင်ကိုရီးယား လူမျိုး ခုနစ်ဦး၊ ဂျပန်လူမျိုး သုံးဦးနှင့် ဗြိတိန်တစ်ဦးကို ဓားစာခံများအဖြစ် ဖမ်းဆီးထားကြောင်း၊ အီရတ်တွင်ရှိနေသော ဂျပန်တပ်ဖွဲ့များအား ပြန်လည် မရုပ်သိမ်းပါက ဂျပန်ဓားစာခံများကို သတ်ပစ်မည်ဟု ပြောကြားကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

လုံခြုံရေးပျက်ပြားနေသော အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ်ဖမ်းဆီးမှုသည် အမေရိကန်ဦးဆောင်တပ်ဖွဲ့များနှင့် အီရတ်ခုခံတိုက်ခိုက်ရေး သမားများအကြား ပဋိပက္ခပိုမိုကြီးထွားလာမှုကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။

တောင်ကိုရီးယားနှင့် ဗြိတိန်ဓားစာခံများနှင့်ပတ်သက်၍ အီရတ် ခုခံရေးသမားများက တစ်စုံတစ်ရာ တောင်းဆိုထားခြင်းမရှိပေ။ ဂျပန် ဓားစာခံများတွင် အမျိုးသားသုတေသီတစ်ဦးနှင့် ဓာတ်ပုံဆရာတစ်ဦး၊ အမျိုးသမီးအကူတစ်ဦး ပါဝင်ကြောင်း ဖော်ပြထားသည်။

အာရပ်ရုပ်မြင်သံကြားအယ်ဂျာဇီယာက မျက်လုံးတွင် အဝတ်ဖြူ စည်းထားသော ဂျပန်သုံးဦးနှင့် သေနတ်ကိုင်ဆောင်ပြီး မျက်နှာဖုံးစွပ်ထား သော ခုခံရေးသမားတို့ စကားပြောဆိုပုံများကို ထုတ်လွှင့်ပြသသွားသည်။

ဂျပန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်က ဓားစာခံများကို အမြန်ဆုံး လွှတ်ပေးရန်နှင့် အီရတ်မှ ဂျပန်တပ်ဖွဲ့များ ရုပ်သိမ်းရန် အစီအစဉ်မရှိ ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၈ရက်က ဖော်လူဂျာမြို့ စစ်ဆေးရေးစခန်းတစ်ခုတွင် အီရတ်တို့အား ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အေအိုင်ဒီအက်စ်ဝေဒနာရှင်များအတွက် တရုတ်၌ ဆေးဝါးငါးမျိုးထုတ်လုပ်

ပေကျင်း ဧပြီ ၈

တရုတ်ပြည်တွင် အရေအတွက် ကြောက်ခမန်းလိလိ မြင့်တက်လျက်ရှိသော အေအိုင်ဒီအက်စ်ဝေဒနာရှင်များကို ကုသရန်အတွက် ဆေးဝါးငါးမျိုးကို စတင်ထုတ်လုပ်ထားသည်။ အကယ်၍ ဝေဒနာရှင်များသည် ပြည်တွင်းဆေးဝါးများကို အသုံးပြုလျှင် အေအိုင်ဒီအက်စ်ရောဂါ ကုသရေးအတွက် ကုန်ကျစရိတ်သည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၆၂ခန့်ရှိမည်ဖြစ်သည်။ တင်သွင်းသည့်ဆေးဝါးများ အသုံးပြုသည့်ကုန်ကျငွေ၏ ဆယ်ပုံတစ်ပုံဖြစ်ကြောင်း နိုင်ငံတော်အစားအစာနှင့် ဆေးဝါးအုပ်ချုပ်ရေးဌာန (အက်စ်အက်ဖ်ဒီအေ)က ပြောသည်။

ယခုအခါ ဆေးတန်ဖိုးသည် သင့်တင့်မျှတမှုရှိပြီး ဝေဒနာရှင်များအား ပိုမိုကုသပေးမည်ဟု မျှော်လင့်ရကြောင်း သတင်းစာက ဖော်ပြသည်။ ၂၀၀၃ခုနှစ် ဧပြီလတွင် တရုတ်အစိုးရသည် ဆင်းရဲနွမ်းပါးသော ပြည်နယ်များရှိ အေအိုင်ဒီအက်စ်ဝေဒနာရှင်များအတွက် စီမံကိန်းတစ်ရပ်ချမှတ်ခဲ့ပြီး ဝေဒနာရှင်များသည် ဆေးဝါးများကို အခမဲ့ ရရှိမည်ဖြစ်သည်။ **အမ်အင်အေ၊ပီတီအိုင်**

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၆၄၂ ဦးရှိပြီ

ဝါရှင်တန် ဧပြီ ၈

အီရတ်နိုင်ငံ၌ ဧပြီ ၈ရက် ကြာသပတေးနေ့ ရောက်ချိန်တွင် အီရတ်၌ စုစုပေါင်းသေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၆၄၂ဦး ဖြစ်သည်။ ယင်းအနက် ၄၄၈ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၉၄ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခဲ့သည်။

မေ ၁ရက်၌ စစ်ပွဲပြီးဆုံးခဲ့ချိန်မှ စပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၀၄ဦး ဖြစ်ပြီး ယင်းအနက် ၃၃၉ ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၁၆၅ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခဲ့သည်။

(အင်တာနက်)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု တောင်ကြီးမြို့ ရှင်၁၅၀၂ပါး၊ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာအခမ်းအနားတက်ရောက်ကြည်ညို

ရန်ကုန် မေ ၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့အား အမှူးထား၍ ဦးဇော်မင်းဇင်၊ ဒေါ်တင်သီတာ မိသားစုတို့က လှူဒါန်းကျင်းပသော ရှင် ၁၅၀၂ ပါး သာမဏေရပဗ္ဗဇ္ဇမင်္ဂလာအခမ်းအနားကို မေ ၃ ရက် နံနက်ပိုင်းကကျင်းပရာ နံနက် ၇ နာရီတွင် တောင်ကြီးမြို့ မိုးလုံလေလုံအားကစားဝင်း အလှူတော်မင်္ဂလာမဏ္ဍပ်မုခ်ဦးရှေ့မှစတင်၍ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းလှ တို့ကြားကုသိုလ်ဖြစ် ထီးတော်တင် မိသားစုနှင့် ဦးဇော်မင်းဇင်၊ ဒေါ်တင်သီတာ မိသားစုတို့ကဦးဆောင်၍ ရှင်သာမဏေလောင်း ၁၅၀၂ ပါးနှင့် မိဘဆွေမျိုးအပေါင်းတို့က သက်န်းပရိက္ခရာအပြည့်အစုံ အိုးစည်ဒိုးပတ်များဖြင့် စီတန်းလျက် တောင်ကြီးမြို့တွင်း လှည့်လည်ကြသည်။

မေ ၄ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ရှင် ၁၅၀၂ ပါး သာမဏေရပဗ္ဗဇ္ဇမင်္ဂလာအခမ်းအနားကို တောင်ကြီးမြို့ မိုးလုံလေလုံအားကစားဝင်း အလှူတော်မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး ပြည်နယ်သံဃနာယကအဖွဲ့ဝင် သိမ်တောင်ကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တ တေဇဝန္တ က ရှင်သာမဏေလောင်းများအား သာမဏေရပဗ္ဗဇ္ဇမင်္ဂလာကို ဆောင်ရွက်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဆန္ဒာဓိက ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းများလှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိက အနုမောဒနာတရား ဟောကြားတော်မူပြီး တိုင်းမှူးနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း ကျိုင်းတုံ၌ ကျောင်းများစစ်ဆေး ပညာရေးစီမံခန့်ခွဲမှုလုပ်ငန်းများဆွေးနွေးညှိနှိုင်း

ရန်ကုန် မေ ၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းသည် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌလိုက်ပါလျက် မေ ၆ ရက် နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ်သို့ ရောက်ရှိသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့နယ် ကထိုက် အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းအဆောက်အအုံ၊ မာလ်တီမီဒီယာစာသင်ခန်း၊ ကျောင်းစာကြည့်တိုက် အသုံးပြုနိုင်မှုတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ဒုတိယဝန်ကြီးသည် မေ ၇ ရက် နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပညာရေးစီမံခန့်ခွဲမှု လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျိုင်းတုံမြို့ ကတ်တောင်အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်စစ်ဆေးပြီး တွဲဖက် ပြည်နယ် ပညာရေးမှူးရုံးနှင့် ကျိုင်းတုံ ဒီဂရီကောလိပ်သို့ သွားရောက်စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မေ ၈ ရက် နံနက် ၇နာရီတွင် ကျိုင်းတုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ အစည်းအဝေးခန်းမ၌ ကျောင်း၏ ပညာရည်မြင့်မားရေးကိစ္စများကို အမှာစကားပြောကြားပြီး ကျောင်းအဆောက်အအုံ၊ အားကစားကွင်း၊ မာလ်တီမီဒီယာစာသင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ၂၀၀၃-၂၀၀၄ပညာသင်နှစ် ဘက်စုံထူးချွန်ကျောင်းသူ ကျောင်းသားများအား ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက်က အထက(၁)ကျောင်း၌ ကျင်းပရာ အမက(၂၉) ကျောင်းအုပ် ဆရာမကြီး ဒေါ်မာလာနွယ်က ဘက်စုံ ထူးချွန်ဒုတိယ၊ ကျောင်းလုပ်ငန်း ဒုတိယ၊ ဘာသာစုံဒုတိယ၊ အင်္ဂလိပ်စာ ပထမ၊ရန်ကုန်တိုင်းဆို၊က၊ရေး၊တီး ပြိုင်ပွဲဝင် မောင်ထင်ကျော်စိုးအား ဆုချီးမြှင့်စဉ်။

(က-ပ)

ဝက်မှုစွပ်းအား ခေတ်ကျော်လွှား

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဒုတိယအကြိမ် ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကို မေ ၄ ရက်က ပြုလုပ်ရာ ဒဂုံမြို့နယ် ဓမ္မရိပ်သာ ကျောင်းတိုက်နာယက ဘဒ္ဒန္တ ဓမ္မ အမှူးပြုသော သံဃာတော်များအား မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု စုပေါင်းဒုလ္လဘရဟန်းခံအလှူတော်ကျင်းပ

ရန်ကုန် မေ ၉

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ (၁၈)ကြိမ်မြောက် မိသားစု စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုနှင့် သီလရှင်ဝတ်ပွဲ အလှူတော်မင်္ဂလာကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်း၌ ကျင်းပသည်။ အလှူတော်မင်္ဂလာသို့ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၏ ဇနီး ဒေါ်မူမူဝင်း၊ ဝန်ကြီးဌာနလက်အောက်ရှိဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်၊ ဌာနကြီးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုလ္လဘရဟန်း အပါး ၂၀ ပါးတို့အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ကမ္ဘာ့သာသနာပြု ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တ အရှင် ဇနကာဘိဝံသနှင့် သံဃာတော်များက မြင့်မြတ်သောရဟန်းဘဝသို့ သွတ်သွင်းချီးမြှောက်ကြသည်။ ၎င်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၏ဇနီး ဒေါ်မူမူဝင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနကြီးမှူးများနှင့် ဝန်ထမ်းမိသားစုများက သိမ်ဆင်းလောင်းလှူကြသည်။ ၎င်းနောက် အလှူတော် တရားနာယူကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၄-၂၀၀၄ ရက်

(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၆။ ခါသကြိန်အဆိုအကများ

၈:၀၀ ၇။ အရေးပြိုင်ပွဲ

၈:၁၀ ၈။ လဂွမ်းပြင်ရေလှောင်တမံ

၈:၂၀ ၉။ ခါသကြိန်အဆိုအကတေးများ

၈:၃၀ ၁၀။ **International News**

၈:၄၅ ၁၁။ **Happy and Educational English Summer Course MRTV. (Senior Calss)**

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၀၅ ၂။ ခါသကြိန်အဆိုအကများ

၁၁:၂၀ ၃။ ပြည်တွင်းသတင်း

၁၁:၃၀ ၄။ ချစ်စရာတာသကြိန်

၁၂:၀၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်

၁၃:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၃၁)

၁၄:၁၀ ၇။ စည်းကမ်းထိန်းပါ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြိန်ပွဲတော်မှာ

၁၄:၃၀ ၈။ ခါသကြိန်အဆိုအကများ

၁၄:၄၅ ၉။ **International News.**

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။တေးဂီတအစီအစဉ်

၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံ အထူးပြု အားလုံး)(ရူပဗေဒ)

၁၇:၀၀ ၅။ ခါသကြိန်အဆိုအကများ

၁၇:၁၅ ၆။ တေးဂီတအစီအစဉ်

၁၇:၃၀ ၇။ ခါသကြိန်အဆိုအကများ

၁၇:၄၅ ၈။ ချစ်စရာအတာသကြိန်

၁၈:၁၅ ၉။ စားကြမယ်ဟော့ ကောင်းကောင်း

၁၈:၃၀ ၁၀။ ညနေခင်းသတင်း

၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၂။ **Discoivery.**

၁၉:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၂)

၁၉:၄၀ ၁၄။ ခါသကြိန်အဆိုအကများ

၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **"သကြိန်ရေ စိုပါစေ"** (အပိုင်း-၁) (ဝေဠုကျော်၊ မျိုးစန္ဒီကျော်၊ ခိုင်နှင်းဝေ) ဒါရိုက်တာ-မောင်နီလွင်(သပြု)

၁၉။ နောက်တစ်နေ့ အစီအစဉ်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကျောက်ခေတ်လူသားအံသွား

ဝဲပုံမှာ အနောက်ဂျာမနီရှိ ပြတိုက်တစ်ခု၌ ပြသထားသော ရှေးခေတ် ဥရောပကျောက်ခေတ် လူသားတစ်ဦး၏ အံသွားတစ်စုံမှတစ်ခုဖြစ်သည်။ ယင်းအံသွားများသည် တတိတိအခိုးခံခဲ့ရရာမှ ယခုအခါ ပြတိုက်သို့ ပြန်ရောက်လာခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ပုံဘီနှင့်တာဇံဆော့ကစား

ယာပုံမှာ ၁၁ပတ်သား အာဖရိက ခြင်္သေ့ပေါက်လေး ပုံဘီကို ကစားဖော် နှစ်နှစ်သားအရွယ်ခွေးငယ်လေးတာဇံနှင့် ဆော့ကစားနေသည်ကို ဘူဒါပက်တိရစ္ဆာန်ရုံ၌ ဧပြီ၈ရက်က တွေ့ရပုံဖြစ်သည်။ (ဓာတ်ပုံ-အင်တာနက်)

အဘိဓမ္မာ၊ ဋီကာကျော် ဝိသုဒ္ဓိမဂ်သင်တန်းဖွင့်မည်

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်၌ အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို မေ ၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စတင်ဖွင့်လှစ်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ကုသိုလ်ဖြစ် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မီးကြွင်း မီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ

တာဝန်ကျရာဒေသအသီးသီးကိုရောက်ရှိသည့်အခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလု
တပ်မတော်၏သိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍ ပိုမိုတိုးတက်အောင်ဆော

ဆုချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် အကောင်းဆုံး အင်ဂျင်နီယာဗိုလ်လောင်းဆုနှင့်လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၇၄၆) ဗိုလ်လောင်း ဇေယျာထွန်းညီအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၈၆၂) ဗိုလ်လောင်းသီဟသိန်းဝင်းအား ဆုချီးမြှင့်စဉ်။(သတင်းစဉ်)

★ ရှေ့ဖုံးမှ

စိတ်ဓာတ်ကောင်းရင် စည်းကမ်းကောင်းမယ်။ နိုင်ငံတော်၊ နိုင်ငံသားနဲ့ တပ်မတော်အပေါ် သစ္စာရှိမယ်။ အမျိုးသားရေး ယုံကြည်ချက်တစ်ခုတည်းအပေါ်မှာ စည်းလုံးညီညွတ်ကြမယ်။ ဒါ့ကြောင့် စိတ်ဓာတ်ဟာ အခြေခံအကျဆုံးနဲ့ အဓိကအကျဆုံးအချက်ပဲဖြစ်တယ်။

ရဲဘော်တို့-

စိတ်ဓာတ်ကောင်းခြင်းဟာ ခေါင်းဆောင်မှုအတွက်လည်း ကြီးမားစွာအထောက်အကူပြုစေတာဖြစ်တယ်။ ခေါင်းဆောင်ကောင်း တစ်ယောက်ဟာ တပ်မှူးကောင်းစိတ်ဓာတ်နဲ့ မိဘသဖွယ် စိတ်ဓာတ်ရှိခြင်း၊ တပ်ရဲ့ကောင်းရာကောင်းကျိုးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လိုစိတ်ရှိခြင်း၊ ဇွဲ လုံ့လဝီရိယနှင့် ကြိုးစားမှုရှိခြင်း၊ စိတ်ရင်းစေတနာကောင်းရှိခြင်း၊ တညီတညွတ်တည်းစုပေါင်းဆောင်ရွက်လိုသည့် အဖွဲ့အစည်း စိတ်ဓာတ်ရှိခြင်း၊ သတ္တိဗျတ္တိရှိခြင်း၊ အခွင့်အရေးနဲ့ယှဉ်လာရင် မိမိက အမြဲအနစ်နာခံလိုစိတ်ရှိခြင်းတို့နဲ့ ပြည့်စုံရမှာဖြစ်တယ်။ ဒီအချက်တွေဟာ ခေါင်းဆောင်တစ်ဦးရဲ့ စိတ်ပိုင်းဆိုင်ရာ လက္ခဏာတွေဖြစ်တယ်။

ဒါ့ကြောင့် စိတ်ဓာတ်ကောင်းတဲ့ တပ်မတော်သားတစ်ယောက်ဟာ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံပြီး ကွပ်ကဲမှုနဲ့ ကြီးကြပ်မှုကောင်းအောင် ကြိုးစားအားထုတ်ရင် ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ်ကို ရရှိမှာဖြစ်တယ်။

ရဲဘော်တို့ဟာ တပ်မတော်ရဲ့အစဉ်အလာတွေကို သယ်ပိုးနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားကြဖို့မှာကြားလိုတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရဲဘော်တို့-

ရဲဘော်တို့ဟာ ခေတ်မီတပ်မတော် တည်ဆောက်ဖို့ တာဝန်ရှိတဲ့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရာမှာလည်း အထောက်အကူပြုနိုင်ကြရမယ်။ ဒါ့ကြောင့် ထိုးထွင်းကြံဆလုပ်ဆောင်တတ်ဖို့နဲ့ တီထွင်လုပ်ကိုင်ဆောင်ရွက်တတ်ဖို့ လိုအပ်ကြောင်း ပြောကြားလိုတယ်။

အမိတက္ကသိုလ်မှာ လေ့လာသင်ယူမှုပြီးဆုံးတဲ့အခါ ရှာဖွေဖော်ထုတ်တဲ့အဆင့်ကို တက်လှမ်းနိုင်ကြရမယ်။ ရှိပြီးသားနည်းပညာတွေကို သင်အံကျက်မှတ်ရုံနဲ့ တင်းတိမ်နေခြင်းမရှိဘဲ မသိသေးတဲ့ နည်းပညာတွေ ရရှိလာသည်အထိ ကြိုးပမ်းဖော်ထုတ်နိုင်ဖို့ လိုအပ်တယ်။

ချီးမြှင့်အပ်နှင်း

တို့နိုင်ငံဟာ သိပ္ပံနဲ့နည်းပညာပိုင်းဆိုင်ရာမှာ နောက်ကျခဲ့တယ်။ ဒါ့ကြောင့် နိုင်ငံတစ်ဝန်းလုံးမှာ အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုး

ျိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်
င်ဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကိုတည်ဆောက်

မိန့်ခွန်းပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ဖြည့်ဆည်းပေးနိုင်တဲ့ သားကောင်းရတနာတွေဖြစ်အောင် ကြိုးပမ်းကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ယနေ့ တပ်မတော်နဲ့ပြည်သူ့ လက်တွဲပြီး နိုင်ငံတော်ကိုတည်ဆောက်ရာမှာ နိုင်ငံတော်အတွင်းတစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိတယ်။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု

- **တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာ တိုးတက်မြင့်မားစေရန်နဲ့ ခေတ်မီ တပ်မတော်တည်ဆောက်နိုင်ရန် အားထုတ်လုပ်ကိုင်ကြပါ။**
- **တပ်မတော်ရဲ့ အစဉ်အလာ ၁၂ရပ်ကို အသက်ပေးစောင့်ထိန်းမယ့် မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်အောင် ကျင့်ကြံဆောင်ရွက်ကြပါ။**
- **တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာအခန်းကဏ္ဍပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်ရာမှာ အထောက်အကူပြုကြပါ** လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။



ရေးအတွက် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် သိပ္ပံပညာထူးချွန်တံဆိပ်၊ နည်းပညာထူးချွန်တံဆိပ်တွေ ချီးမြှင့်နိုင်ဖို့လည်း ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ သက်ဆိုင်ရာပညာရပ်များနဲ့ ရှေ့ဆောင်ရှေ့ရွက်ပြုပြီး အများအကျိုးကို ထူးချွန်စွာဆောင်ရွက်ကြသူများ၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသူများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အကျိုးပြုသူများကို ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိတယ်။

သားကောင်းရတနာများ

ဒါကြောင့် ရဲဘော်တို့က တပ်မတော်နဲ့နိုင်ငံတော်ရဲ့ လိုအပ်ချက်ကို

အကောင်အထည်ဖော်ရေး စီမံကိန်း၊ အထူးဒေသကြီး ၂၄ ခုဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ဖွံ့ဖြိုးရေးကွန်ရက်အဖြစ် အချိတ်အဆက်မိအောင် ဆောင်ရွက်လျက်ရှိတယ်။ ရဲဘော်တို့ဟာ တာဝန်ကျရာဒေသအသီးသီးကို ရောက်ရှိတဲ့အခါ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ပြည်ထောင်စုစိတ်ဓာတ်နဲ့အင်တိုက်အားတိုက် ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ရဲဘော်တို့-

နိဂုံးအနေနဲ့ ပြောကြားရရင် တပ်မတော်နည်းပညာတက္ကသိုလ်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနဲ့အညီ-

- **နိုင်ငံတော်ကာကွယ်ရေး တာဝန်အတွက် အတတ်ပညာရှင် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းကြပါ။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားအပြီးတွင် ထူးချွန်ဆုရ ဗိုလ်လောင်းနှစ်ဦးနှင့် ယင်းတို့၏မိဘများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

ဗိုလ်ချုပ်ခင်မောင်မြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်ညွန့်တင်၊ ဦးအောင်သောင်း၊ ဦးစိုးသာ၊ ဗိုလ်ချုပ်စောထွန်း၊ ဗိုလ်မှူးချုပ်သိန်းအောင်၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဦးသောင်း၊ ဗိုလ်ချုပ်တင်ထွတ်နှင့် ဒေါက်တာ ကျော်မြင့်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်မှူးချုပ် သိန်းထိုက်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်မှူးကြီးသန်းအောင်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်မှူးချုပ်အေးမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဖိတ်ကြားထားသော သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် သင်တန်းဆင်းဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆)မှ အကောင်းဆုံးအင်ဂျင်နီယာဗိုလ်လောင်းဆုနှင့်လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၇၄၆)ဗိုလ်လောင်းဇေယျာထွန်းညို၊ စာပေထူးချွန်ဆုရရှိသူဗိုလ်လောင်းအမှတ် (၈၆၂)ဗိုလ်လောင်းသီဟသိန်းဝင်းတို့အား ဆုများအသီးသီးချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်တပ်မတော်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ပါမောက္ခချုပ်၏ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းနှစ်ဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူသစ်စိတ်သစ် အားမာန်သစ်ဖြင့် နှစ်သစ်ကို ကြိုဆို

လှထွန်း (တွံတေး)

တောင်တွင်းကြီးနယ်သား စာဆိုတော်ဦးကြော့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် သင်္ကြန်ချိန်ခါ မင်္ဂလာအခါသမယတွင် ပွင့်လန်း တောက်ပသည့် ပိတောက်ရွှေဝါကို စာပန်းချီမျက်စိဖြင့် အနုစိတ်ကြည့်ပြီး အောက်ပါအတိုင်း အဆန်းတကျယ် ဖွင့်ဆိုခဲ့သည်-

ပိတောက်ရွှေဝါ

"လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့-ခိုင်ရွှေဝါ တကယ်တမ်းသာဖြင့် ဘယ်ပန်းသော် စံမတူဘူး၊ နန္ဒမူဖန်ကူထိပ်မှာလ ပဇ္ဇောကာချွေးတော်သိပ်ရတယ်၊ ဧရိပ်ဆာယာ၊

တစ်နှစ်တွင်သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်ထဲခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြစုံမြိုင်တွင်း၊

မြူမင်းလွှင်ထံ၊ ကြူသင်းတာချိန်ယံမတော့ ရွှေဝတ်ဆံငုံတံ ညှောက်ကယ် နှင့်ခါသင်္ကြန်ဂိမ္ဘာန်ရောက်ပြန်တော့ သိန်သရေထိန်ဝေလို့ တောက်တဲ့ပြင် လမ်းတစ်လျှောက်သင်းပါဘိ၊ ဆန်းသလောက်မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်း"

မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွင် ထူးခြားသည့် နေ့ကြီးရက်ကြီး သုံးရက်ရှိသည်။ ယင်းတို့မှာ ဝါဝင်သည့်နေ့၊ ဝါထွက်သည့်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့တို့ ဖြစ်သည်။

စာရေးသူတို့ငယ်စဉ်ကာလ ကလေးဘဝက မွေးရပ်မြေတွင် ရှိကြစဉ် ထိုနေ့ကြီးရက်ကြီး သုံးရက်တွင် မိဘ၊ ဆရာသမား၊ လူကြီးသူမများကို မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ မပျက်မကွက် ကန်တော့လေ့ ရှိကြသည်။

မြန်မာတို့ စဉ်လာမပျက်ဆောင်ရွက်ခဲ့ကြသည့် အလေ့အကျင့်ကား အလွန်နှစ်လိုဖွယ်ကောင်းလှသော မြန်မာ့ယဉ်ကျေးမှုအစစ် အမွေအနှစ်များပင် ဖြစ်သည်။

အထူးသဖြင့် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ စတင်ရောက်ရှိသည့် နှစ်ဆန်းတစ်ရက်နေ့ကား အလွန်ပင် မင်္ဂလာအပေါင်းခညောင်းသည့် နေ့ထူးနေ့မြတ် ဖြစ်ပေ၏။

ယခုနှစ်သင်္ကြန်ကား အလွန်ပင်ထူးခြားသည်။ သင်္ကြန်မတိုင်မီ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်နှင့် နှစ်ဆန်းတစ်ရက်နောက်ပိုင်း စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များနှင့် သွားဆုံနေသည်။ ဝန်ထမ်းများအဖို့ ရုံးပိတ်ရက်ရှည်ကို ခံစားစံစားနိုင်ကြသည်။ စုစုပေါင်း အစိုးရရုံးပိတ်ရက် ကိုးရက်ဖြစ်သည်။

ဤအခွင့်အရေးကား ရတောင့်ရခဲ ကြုံကြိုက်ခဲလှသည်။ ခရီးသွားလုပ်ငန်းရှင်များကလည်း ပြည်တွင်းခရီးစဉ်များအတွက် ကြိုတင်ကြော်ငြာ အသိပေးကြသည်။ ငွေဆောင်၊ ချောင်းသာ၊ ငပလီစသည့် သာယာလှပသော ကမ်းခြေများသို့ ခရီးသွားအစီအစဉ်များ အပြိုင်အဆိုင် ကြော်ငြာထားကြသည်။

ပြည်တွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် အားပေးပံ့ပိုးသည်နှင့် တူလှသည်။

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသော လူမျိုးတိုင်း နှစ်သစ်ကူးရက်ကို အလေးအမြတ်ထားကြသည်။ မိမိတို့ရိုးရာယဉ်ကျေးမှုထုံးစံအလိုက် နှစ်သစ်ကူးပွဲတော်များ ကျင်းပ၍ နှစ်ဆန်းတစ်ရက်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလေ့ရှိကြသည်။

ဤမွန်မြတ်သော ယဉ်ကျေးမှုအစဉ်အလာကောင်းကို လူမျိုးတိုင်း ထိန်းသိမ်းရမည်။ မြန်မာလူမျိုးတို့သည်လည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲကျင်းပကာ နှစ်သစ်ကို ကြိုဆိုကြသည်။

ဤနှစ်သစ်ကူးပွဲတော်ကို မြန်မာတို့က 'သင်္ကြန်ပွဲတော်'ဟု ခေါ်ဝေါ်ကြသည်။

သင်္ကြန်၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ဤသို့အဓိပ္ပာယ်ဖွင့် ဖော်ပြထားသည်။

သင်္ကြန် (၁) မြန်မာ့ဆယ့်နှစ်လတွင် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်း သည့် အခါသမယ (တန်ခူး သို့မဟုတ် ကဆုန်လ)

(၂) နှစ်သစ်ကူး ရေဖျန်းပွဲ

ယခုနှစ်သင်္ကြန်အကြိုနေ့သည် ၁၃၆၆ခုနှစ် နှောင်းတန်ခူးလဆုတ် ၈ရက် တနင်္လာနေ့ ဖြစ်သည်။

သင်္ကြန်ဟူသော မြန်မာဝေါဟာရ၏ အဓိပ္ပာယ်ကား ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဖြစ်သည်။ ဤသဘောနှင့်စပ်လျဉ်း၍ ပညာရှင်များက အမျိုးမျိုး ဖွင့်ဆိုကြသည်။ အဓိပ္ပာယ်ဖော်ကြသည်။

အချို့ပညာရှင်များက "ခေါင်းဆေးသင်္ကြန်၊ ကောင်းညွန့်လှန်၊မကျန် စေ့စုံစွာ"ဟူသော ကဝိလက္ခဏာသတ်ပုံ လင်္ကာနှင့်အညီ ကောင်းမျိုးမင်္ဂလာကြန်အင်လက္ခဏာတို့ တိုးပွားလာရန် သုတ်သင်ဆေးကြောခြင်း(ဝါ)ခေါင်းဆေး မင်္ဂလာပြုခြင်းကိုပင် သင်္ကြန်ဟုခေါ်ကြောင်း ရေးသားကြသည်။

အဟောင်းမှ အသစ်သို့ ကူးပြောင်းခြင်းကို အလွန်နှစ်လိုဖွယ်ရာဖြစ်သဖြင့် လူမျိုးတိုင်းက နှစ်သစ်ကူးပြောင်းခြင်းကို မင်္ဂလာဟု ခံယူကြသည်။

မင်္ဂလာရှိသော နှစ်သစ်ကူးပြောင်းခြင်းကို ကြိုဆိုကြပုံမှာမူ လူမျိုးတစ်မျိုးနှင့် တစ်မျိုး မတူညီကြချေ။ ရိုးရာဓလေ့ထုံးစံအလိုက် ကွဲပြားကြသည်။အချို့လူမျိုးတို့က နှစ်ကူးပွဲတွင် ပန်းဆီရောင်ရေတို့ဖြင့် ဆွတ်ကြ ဖျန်းကြ၍ အချို့က မီးထွန်းကြ၊မီးအိုးမီးပန်းများ ပစ်ဖောက်ကြသည်။ အချို့က ကခုန်ကြ၍ အချို့က ဘုရားရှိခိုး ဆုတောင်းပွဲများပြုလုပ်ကြသည်။ မြန်မာလူမျိုးတို့ကမူ နှစ်သစ်ကူးပွဲတော်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်း ကစားကြသည်။

သင်္ကြန်ရေသည် အသက်ကိုရှည်စေသော အာယုဒီဃ ဘိသိက်ရေစင်ဖြစ်၍ သင်္ကြန်အခါတွင် အသက်ရှည်စေရန် သင်္ကြန်ရေစင်ဖြင့် ပက်ဖျန်းသွန်းလောင်းကြသည်ဟုလည်း အဆိုရှိသည်။

မြန်မာလူမျိုးတို့ နှစ်သစ်ကူးချိန်မှာ "တန်ခူးရေကုန်၊ ကဆုန်ရေခန်း"ဆိုသကဲ့သို့ အင်းအိုင် ကန်ချောင်းများ ခြောက်ခန်းလောက်အောင် အပူရှိန်ပြင်းထန်သောအချိန်ဖြစ်သည်။ ထိုအချိန်၌ အလိုလားအပ်ဆုံးသော အရာမှာ အေးမြသောရေဖြစ်သည်။ထို့ကြောင့် ရွှင်လန်းအေးမြစေရန် တစ်ဦးနှင့်တစ်ဦး ကြည်နူးစွာ ရေသွန်းလောင်းကြသည်ဟုလည်း ဆိုကြသည်။

အမှန်စင်စစ် နှစ်သစ်ကူးမင်္ဂလာအခါတော်တွင် မြန်မာလူမျိုးတို့ တစ်ဦးနှင့် တစ်ဦး ရေပက်ဖျန်းကစားကြခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကိုဆေးကြောခြင်းနှင့် ရေကိုသား၍ အကြားမထင်ဘဲဆက်စပ် နေခြင်းဟူသော ရေ၏နိမိတ်သုံးပါးကို ယူကြခြင်းဖြစ်သည်။

သင်္ကြန်ပွဲတော်တွင် ရှေးအခါက မြန်မာတို့ရေပက်ဖျန်းကစားကြခြင်းသည် အလွန်ယဉ်ကျေးသိမ်မွေ့လှပါသည်။ နံ့သာဖြူကရမက်စသော သင်းပျံ့မွှေးကြိုင်သည့် နံ့သာရည်၊ အမွှေးရည်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာပက်ဖျန်းလေ့ရှိကြသည်။ လူပျိုတော်ကာလသားများက အမျိုးသမီးအပျိုအရွယ်များကို ရေပက်လိုသော် မိဘများထံ ခွင့်ပန်တောင်းယူ၍ အမွှေးနံ့သာရည်တို့ဖြင့်ယဉ်ကျေးသိမ်မွေ့စွာ ပက်ဖျန်းကြသည်။

ထို့ပြင် မြန်မာ့ရိုးရာဓလေ့ သင်္ကြန်ပွဲတော်တွင် အစဉ်အလာကောင်းများ ရှိကြသည်။

ယင်းတို့မှာ သင်္ကြန်အခါတော်တွင် ရုံးများ၊ နေအိမ်ရပ်ကွက်များတွင် အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲဆင်နွှဲကျင်းပခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များ ကပ်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာများ ပက်ဖျန်းခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်ကို နာကြားခြင်း၊ ကျောင်းကန်ဇရပ်များ၊ တန်ဆောင်းများသန့်ရှင်းခြင်း၊ သက်ကြီးရွယ်အိုတို့အား တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ ဘိုးဘွားမိဘ ဆရာသမားစသူတို့အား ပူဇော်ကန်တော့ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်နာယူခြင်း၊ ရေခန်းလုနီးဖြစ်နေသော အင်းအိုင် ချောင်းမြောင်းများမှ ငါးများ၊ အသတ်ခံရတော့မည့်ငါးများကို ဖမ်းယူဝယ်ယူ၍ ရေများရာမြစ်ချောင်း၊ ကန်မြောင်းများသို့ လွှတ်ခြင်း၊ ကျွဲနွား စသည့်တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသည့်မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုများ ဖြစ်ပေသည်။

နှစ်သစ်ကူးသည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော်အရှင်သူမြတ်များကလည်း မြန်မာပြည်သူတစ်ရပ်လုံးဘေးအန္တရာယ်အပေါင်းကင်းရှင်းစေကြောင်း၊ မေတ္တာကရုဏာစိတ်ထားဖြင့် ပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ မြို့နယ်၊ရပ်ကွက်၊ကျေးရွာအလိုက် လမ်းများတွင် အန္တရာယ်ကင်းပရိတ်တရားတော်များကို အစဉ်အလာမပျက် ရွတ်ဖတ်ပူဇော် ကြ၏။

ထို့ကြောင့် နှစ်သစ်၊ နှစ်ဦး၊ နှစ်ဆန်းစတွင် မြန်မာပြည်သူတစ်ရပ်လုံးသည် ကိုယ်ရော စိတ်ပါ ရှင်းသန့်၍ ကုသိုလ်ဒါနတရားတို့ဖြင့် ထုံမွမ်းလျက်ရှိသည်။ ထို့ပြင် မြန်မာပြည်သူတစ်ရပ်လုံးသည် လူသစ် စိတ်သစ် အားမာန်သစ်များဖြင့် လန်းဆန်းတက်ကြွလျက်ရှိနေကြသည်။

ယနေ့ မြန်မာနိုင်ငံတော်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းတည်ဆောက်လျက်ရှိပြီး မကြာမီကာလတွင် ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများက လူသစ်စိတ်သစ် အားမာန်သစ်ဖြင့် နှစ်သစ်ကိုကြိုဆိုကာ မိမိတို့ကျရာကဏ္ဍမှ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်ကြရန် နှိုးဆော်လိုက်ပါသည်။ ။

မိတ္ထီလာဆရာတော်သစ္စာတရားဟောကြားမည်

ရန်ကုန် ဧပြီ ၉

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် သဲကုန်းကျေးရွာ သဲကုန်းကျောင်းမိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်ထိကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို မိတ္ထီလာမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်၁၂၉၏ ပဓာနနာယက ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၈ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းကျော်က တက္ကသိုလ်ဝင်တန်း တစ်နိုင်ငံလုံးအဆင့်၉ဖြင့်အောင်မြင်သူ ခြောက်ဘာသာ ဂုဏ်ထူးရှင် မဝင့်ဝင့်အောင်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၉

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့)ရန်ကင်းပညာရေးကောလိပ်၊ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်အာစရိယပူဇော်ပွဲကို မေ ၂၂ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်သည်။ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀) ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများသည်ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြရန်နှင့်ကျောင်းသားကျောင်းသူဟောင်းများသည် ဦးရန်နိုင် ဖုန်း-၅၆၀၃၀၁၊ ဦးနု ဖုန်း-၂၁၀၅၈၃၊ ဦးသာအောင်ကျော် ဖုန်း-၅၂၆၃၅၇၊ ဦးဝမ်းမောင် ဖုန်း-၅၄၄၆၂၁၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉ ၃၀၅၊ ဦးကျော်မင်း ဖုန်း-၂၁၂၉၆၉ ၃၀၉၊ ဦးရန်နောင် ဖုန်း-၆၄၀၁၈၈ ထံသို့လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်/တိုင်းပညာရေးမှူးများမှ တစ်ဆင့်လည်းကောင်း၊ မေလ ၁၄ ရက် သောကြာနေ့ နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ခြင်းနှင့် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်းအချ ပြုလုပ်၍ ရသည့်ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ် ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်းရေပက်ကစားခြင်းမပြုရန်တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြဝတီရုပ်မြင်သံကြား

၁၀-၄-၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ မြန်မာသင်္ကြန်
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"ရှေးအတိတ်ကံအစွမ်းကြောင့်ဖြစ်ပေါ်လာ"**
၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉း၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၅။ မြန်မာသင်္ကြန်
၄း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Finance (စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၇)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၅)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့အလှူငွေနှင့်ပစ္စည်းများလှူဒါန်း အသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေတက်ရောက်၊ အလှူပစ္စည်းများလက်ခံရယူ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပြည်တွင်းပြည်ပမှ အလှူရှင်များက အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါအသင်းအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အလှူပစ္စည်းများလက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ရှေးဦးစွာ ဂျပန်နိုင်ငံမှ မစ္စတာ ရှီယိုဘားရားက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန အတွက် ငွေကျပ်နှစ်သိန်းငါးသောင်း တန်ဖိုးရှိ မုန့်များ၊ မလေးရှားနိုင်ငံ ရောက် မြန်မာမိသားစု ကိုယ်စား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး၏ဇနီး ဒေါ်သန္တာခင်က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ၊ Tr. Star General Trading Co.,Ltd. မှ ဦးသိန်းနိုင်၊ ဦးမျိုးဝင်းနှင့် ဦးလှနိုင်တို့က Rainbow ဗလာစာအုပ် ၁၀၈ ဒါဇင်၊ Eastern Star Trading Co. Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိုးက ဗလာစာအုပ်ဒါဇင် ၅၀၊ Lucky Mon Co.မှ ဒါရိုက်တာ ဦးသိန်းဇော်က ဗလာစာအုပ် ၂၇ ဒါဇင်၊ ရွှေဝါဝင်း ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရွှေဝါက ဗလာစာအုပ် ၁၆ ဒါဇင်၊ မြန်မာ 21 Century Group မှ ဗလာစာအုပ် ၁၆ဒါဇင်တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အလှူငွေ ပေးအပ်ပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာသင်္ကြန်ဝတ်စားဆင်ယင်မှုသရုပ်မပျက်စေရေး ဝိုင်းဝန်းထိန်းသိမ်းရန် မြို့တော်ဝန်စစ်ဆေးမှာကြား

ရန်ကုန် ဧပြီ ၉

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀နာရီတွင် မြို့တော်ခန်းမ၌ ပြုလုပ်သည့် ၁၃၆၅ ခုနှစ် မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော်၌ ညွှန့်ခံဖျော်ဖြေမည့် ယဉ်ကျေးမှုပဒေသာကပွဲ ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မြို့တော်ဝန်မဟာသင်္ကြန်တွင် ကပြဖျော်ဖြေရေး၊ ဝတ်စားဆင်ယင်မှုများ သရုပ်မပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သင်္ကြန်ကာလအတွင်း စည်းကမ်းပျက်မှုမရှိစေရန် ဝိုင်းဝန်းကြပ်မတ်ကြရေး မှာကြားသွားသည်။

ထို့နောက် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ ဒလမြို့နယ် ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒလမြို့နယ် ရေပေးဝေရေး လုပ်ငန်းရုံးခန်းမ၌ တာဝန်ရှိသူများက နေ့စဉ်ရေရရှိမှု၊ ရပ်ကွက်များသို့ ရေပေးဝေမှု၊ ရေပေးဝေပုံနည်းစနစ်များနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြို့တော်ဝန်သည် ရေစုဆောင်းရရှိမှု၊ ရပ်ကွက်များသို့ ရေဂုတ်များ၊ ရေတိုင်ကီများဖြင့် ရေပေးဝေနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေပြုန်းတီးမှု မရှိစေရေး၊ စနစ်တကျ သုံးစွဲနိုင်ရေးတို့အတွက် ရပ်ကွက်များအလိုက် ကြပ်မတ်စောင့်ရှောက်ပေးနိုင်ရန် ဝန်ထမ်းများအား တာဝန်တိတိကျကျ သတ်မှတ်ထားရှိရေး၊ လိုအပ်သည့်နေရာများတွင် ရေလှောင်အုတ်ကန်များ ဆောက်လုပ်အသုံးပြုစေရေး မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ကရင်ပြည်နယ်ဆဒ္ဒန်ဂူနှင့်ရှေးဟောင်းဂူများလှည့်လည်ကြည့်ရှု

ရန်ကုန် ဧပြီ ၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန် လိုက်ပါလျက် ဧပြီ ၇ ရက် ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကရင်ပြည်နယ် ဘားအံမြို့မှ မိုင် ၂၀ခန့်အကွာရှိ ဆဒ္ဒန်ဂူသို့သွားရောက်ကာ အိန္ဒုရွာထိပ်မှ ဆဒ္ဒန်ဂူအထိ ကျောက်လမ်းခင်းရေး၊ လျှပ်စစ်ဓာတ်မီးတိုင်များ စိုက်ထူ၍ လျှပ်စစ်မီးသွယ်တန်းရေး၊ လမ်းဘေးဝဲယာနှင့် ဆဒ္ဒန်ဂူရှေ့၌ သစ်ပင်ပန်းပင်များ စိုက်ပျိုးရေး၊ ဆဒ္ဒန်ဂူအတွင်း လျှပ်စစ်မီးသွယ်တန်းရေး၊ လှေကားလမ်းပြုပြင်ခင်းကျင်းရေးကိစ္စရပ်များကို တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဘားအံမြို့အနီးရှိ ကော့ကသောင်ဂူသို့ သွားရောက်ပြီး လှည့်လည်ကြည့်ရှုကာ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘားအံမြို့နယ် လာကဒေါင်ကျေးရွာအနီး၌ တူးဖော်တွေ့ရှိရသော အေဒီ(၄)ရာစုခန့်က ရှေးဟောင်း ဘာသာရေး အဆောက်အအုံကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအား မှာကြားသည်။

မှာကြား

ဒုတိယဝန်ကြီးသည် ဧပြီ၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ဘားကပ်ရွာအနီးရှိ ရသေ့ပျံဂူနှင့် ဘားအံမြို့နယ်ရှိ ဘုရင့်ညီနောင်ဂူသို့ သွားရောက်ပြီး ဂူအတွင်း လှည့်လည်ကြည့်ရှုကာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဖူးမြော်ကြည်ညိုပြီး လိုအပ်သည်များမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ၄ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) (၆၅)ရပ်ကွက်ရှိ အခြေခံပညာမူလတန်း အမှတ် (၁၃) မူလတန်းလွန်ကျောင်း အခြေခံပညာမူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းအခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက စတုတ္ထတန်းမှ ကျောင်းသူ မခိုင်ဇာလှိုင်အား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေ နေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ် ဧပြီလအတွက်

၁၁-၄-၂၀၀၄ ရက်နေ့နှင့် ၂၅-၄-၂၀၀၄ ရက်နေ့

ဝန်ကြီးဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးတက်ရောက်

ရန်ကုန် ဧပြီ ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ ဧပြီ ၆ ရက်တွင်ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး (Retreat) နှင့် ဧပြီ ၇ ရက်တွင် ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ အဋ္ဌမအကြိမ်မြောက်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အလွတ်သဘောဆွေးနွေး

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် Sentosa Resort and SPA ၌ ကျင်းပသော အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ကြပြီး ဒေသတွင်းရှိ အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ၂၀၀၆ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်နှစ်ပတ်လည် အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများအကြား အလွတ်သဘော ခင်မင်ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏အဋ္ဌမအကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဧပြီ၇ရက် နံနက် ၈ နာရီခွဲတွင် Shangrila Singapore Hotel ၌ကျင်းပရာ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H. E. Lee Hsien Loong က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက်အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

အမြင်ချင်းဖလှယ်

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး H. E. Lim Hng Kiang က သဘာပတိအဖြစ်ဆောင်ရွက်သည်။ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Tadao Chino က အာဆီယံစီးပွားရေး အခြေအနေနှင့် ရှေ့အလားအလာကို ဝန်ကြီးများအား တင်ပြရာ ဘဏ္ဍာရေးဝန်ကြီးများက တင်ပြချက်အပေါ် အမြင်ချင်းဆွေးနွေးဖလှယ်ကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေသုံးသပ်ချက်နှင့် မူဝါဒရေးရာကိစ္စရပ်များကို အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် Mr. Ong Keng Yong က တင်ပြပြီး ဘဏ္ဍာရေးဝန်ကြီးများက မိမိတို့နိုင်ငံအသီးသီး၏ စီးပွားရေးအခြေအနေများ၊ ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှုများနှင့် မူဝါဒများကို ရှင်းလင်းဆွေးနွေးကြသည်။

လမ်းညွှန်မှုပြု

ဘဏ္ဍာရေး ဝန်ကြီးများသည် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ အာဆီယံနိုင်ငံ ခေါင်းဆောင်များက အတည်ပြုခဲ့သော အာဆီယံပေါင်းစည်းရေးလမ်းပြမြေပုံ၏ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ၊ ဇင်းမယ် အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် အာရှငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ရှေ့ဆက်လက် ဆောင်ရွက်ရန်အတွက် လမ်းညွှန်မှုပြုခဲ့ကြသည်။

ယင်းနောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကိုထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

ပွင့်လင်းစွာဆွေးနွေး

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် စင်ကာပူနိုင်ငံသို့ရောက်ရှိနေစဉ် ဧပြီ ၆ ရက်တွင် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး H. E. Lim Hng Kiang နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ငွေရေးကြေးရေးဝန်ဆောင်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဧပြီ ၅ ရက်တွင် Development Bank of Singapore မှ Vice President, Mr. Frank Wong နှင့် အဖွဲ့ကလည်းကောင်း၊ ဧပြီ ၈ ရက်တွင် United Oversea Bank မှ Chairman and CEO, Mr. Lee နှင့် အဖွဲ့ကလည်းကောင်း လာရောက် တွေ့ဆုံပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြန်လည်လိုက်ပါလာ

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

မှော်ဘီတပ်နယ်တွင် သစ်ပင်ပျိုးပွဲတော်ကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေတက်ရောက်၍ သစ်စေ့များပျိုးထောင်ပေး

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၄ ခုနှစ် မှော်ဘီတပ်နယ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားကို ယမန်နေ့နံနက် ၆ နာရီခွဲက မှော်ဘီတပ်နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ပြီး သစ်စေ့များ ပျိုးထောင်ပေးသည်။

အခမ်းအနားသို့ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးကြီး ဝင်းနောင်၊ မှော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မှော်ဘီတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိအရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုများ တက်ရောက်ကြသည်။

ထိန်းသိမ်းစောင့်ရှောက်

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သစ်ပင်များစိုက်ပျိုးသည့်ကာလတွင် ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့် သစ်ပင်များသာမက စီးပွားရေး အထောက်အကူပြု အပင်များဖြစ်သည့် တမာ၊ မန်ကျည်း၊ ထန်း၊ သစ်ဆိမ့်၊ ငရုတ်ကောင်းနှင့် အဖိုးတန် ဝါးပင်များကို တိုးချဲ့စိုက်ပျိုးသွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများကို ကွက်လပ်မကျန် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များနှင့် တပ်ရင်းတပ်ဖွဲ့များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည်အတွင်း ပါရှိသဖြင့် တပ်နယ်များအလိုက် စနစ်တကျပျိုးထောင်ပြီး စိုက်ပျိုးကြရေးနှင့် တပ်ရင်းတပ်ဖွဲ့မှူးများက မိမိတို့တပ်ပတ်ဝန်းကျင် အစဉ်စိမ်းလန်းစိုပြည်ရေးအတွက် မျိုးစေ့၊ ပျိုးပင်များစုဆောင်းခြင်းနှင့် ပျိုးထောင်ခြင်း၊ သစ်ပင်ပျိုးပွဲတော်များကျင်းပပြီး ပညာပေးစည်းရုံးခြင်း၊ တပ်ရင်းတပ်ဖွဲ့များအလိုက် ပျိုးပင်များ စနစ်တကျထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပွဲတော်များကျင်းပပြီး သစ်ပင်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် ရေရှည်တည်တံ့ အောင်မြင်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို စီမံချက်ချ ဆောင်ရွက်ကြရန်မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မှော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦးက မှော်ဘီတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များအလိုက် သစ်ပင်များ ပျိုးထောင်မည့်အခြေအနေနှင့် လာမည့် မိုးရာသီ သစ်ပင်စိုက်ပျိုးရာသီတွင် ပျိုးထောင်ပြီး သစ်ပင်များစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းတင်က လာမည့်မိုးရာသီ၌ သစ်ပင်များစိုက်ပျိုးနိုင်ရန် သစ်စေ့များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ ပျိုးထောင်ပြီး ပျိုးပင်များ ထိန်းသိမ်းထားရှိမှုနှင့် သစ်စေ့များ ပျိုးအိတ်များအတွင်း ပျိုးထောင်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

ပျိုးထောင်ပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း သစ်တောဦးစီးဌာန၏ ကျွန်းပင်တစ်သျှူး မွေးမြူခြင်းလုပ်ငန်း အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် သစ်ဆိမ့်၊ ပျဉ်းကတိုး၊ မန်ကျည်းနှင့် ကျွန်းစေ့များကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးသည်။

၂၀၀၄ ခုနှစ် မှော်ဘီတပ်နယ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားတွင် စီးပွားရေးအထောက်အကူပြု အပင်များဖြစ်သည့် တမာ၊ မန်ကျည်း၊ ထန်း၊ သစ်ဆိမ့်၊ ဝါးအစရှိသည့် အပင်များနှင့် ရတနာတန်းဝင် အပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီအပင်များ၊ အရိပ်ရ လေကာပင်များဖြစ်သည့် မဲဇလီ၊ ပိတောက်၊ ခရေ၊ အော်ရေးရှား၊ သဘော်၊ တယ်၊ ဘောစကိုင်း၊ စိန်ပန်း အစရှိသည့် အပင်များအပါအဝင် ပျိုးပင်စုစုပေါင်း တစ်သိန်းငါးရာကျော် ပျိုးထောင်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ၂၀၀၄ ခုနှစ် မှော်ဘီတပ်နယ် သစ်ပင်ပျိုးပွဲတော်အခမ်းအနားတွင် သစ်စေ့များပျိုးထောင်ပေးစဉ်။ (ရန်ကုန်တိုင်း)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က ကြီးမှူးကျင်းပသော လူငယ်များအတွက် မျိုးဆက်ပွားကျန်းမာရေးပညာပေးလုပ်ငန်း စီမံချက်အဖြစ် ကျန်းမာရေးဟောပြောပွဲကို ဧပြီ ၄ ရက်က တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပစဉ်။ (က-ပ)

အဆင့်မြင့် ပုစွန်မွေးမြူရေးသင်တန်းဆင်း

ရန်ကုန် ဧပြီ ၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူးဖွင့်လှစ်သော အဆင့်မြင့် ပုစွန်မွေးမြူရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၃) ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုစွန်မွေးမြူရေးကုမ္ပဏီလုပ်ငန်းရှင်များနှင့် သင်တန်းဆရာများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုစွန်မွေးမြူထုတ်လုပ်ရေးကုမ္ပဏီနှင့် ပုဂ္ဂလိကတို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌ ဦးသောင်းမြင့်နှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ခွဲမှူး ဦးလှမြိုင်နှင့် တပ်ဖွဲ့ဝင်များ ဧပြီ ၈ ရက်က ရပ်ကွက်အတွင်း လှည့်လည်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစဉ်။ (၁၁၅)

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။
- (က) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲမမောင်းရ။
- (ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မည စ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရန်ကုန်မြို့အတွင်း သင်္ကြန်ရက် ရေပေးဝေမှုသတ်မှတ်

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ကြရန်နှင့် ရေပြတ်လပ်မှု လျော့နည်းစေရေးအတွက် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော် စသည့် မြို့နယ် ရှစ်မြို့နယ်၊ ရန်ကုန်ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများတွင် ၂၄ နာရီ ရေပေးဝေထားမည်ဖြစ်ပြီး ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်းနှင့် မရမ်းကုန်းမြို့နယ်တို့တွင် ထိုနေ့များ၌ နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်နှင့် ညနေ ၃ နာရီမှ ညနေ ၆ နာရီအထိ တစ်ကြိမ်သတ်မှတ်ကာ တစ်နေ့နှစ်ကြိမ် ရေပေးဝေမည်ဖြစ်သည်။

ထို့ပြင် ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်္ဃန်းကျွန်းနှင့် သာကေတမြို့နယ်တို့တွင် ယခင် ရေပေးနေကျအချိန်အတိုင်း ပေးဝေသွားမည်ဖြစ်ပြီး ဧပြီ ၁၇ ရက်မှစ၍ မြို့နယ်အားလုံးကို ယခင်ပုံမှန်ရေပေးဝေချိန်အတိုင်း ဆက်လက် ဖြန့်ဝေသွားမည်ဖြစ်သည်။

မဟာသင်္ကြန်ရက်များတွင် ရေကစားလိုသူများနှင့် ရေအခက်အခဲရှိသူများအား နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ရေပေးဝေစခန်း သဃ်္ဃန်းကျွန်း ဇဝနစက်ရေတွင်းနှင့် သုမင်္ဂလာစက်ရေတွင်း၊ မြောက်ဥက္ကလာပ (၅)ရပ်ကွက် စပယ်(၂)လမ်း စက်ရေတွင်း၊ သာကေတမြို့နယ် ရောဝဏ်လမ်းနှင့် ရှုခင်းသာလမ်းထောင့် စက်ရေတွင်း၊ စမ်းချောင်းမြို့နယ် ဥဏ္ဏောရှိ စက်ရေတွင်း၊ အင်းစိန် မီးသတ်ဝင်းစက်ရေတွင်းနှင့် မရမ်းကုန်းမြို့နယ် ရေကူးရေစက်တို့မှ အခမဲ့ ရေဖြန့်ဝေပေးမည် ဖြစ်သည်။

သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များအရေးပေါ် ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဖုန်း-၂၄၉၆၅၅၊ ၂၈၆၈၉၈၊ ၂၄၃၅၅၀၊ ၂၉၆၅၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓီဝိတဒါန ငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးမည်

ရန်ကုန် ဧပြီ ၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ရန်ကုန်တိုင်းငါးလုပ်ငန်းစခန်း(လေးဒေါင့်ကန်စခန်း)နှင့် (လှော်ကားစခန်း) တို့မှ ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ပြည်သူများ ဓီဝိတဒါန ငါးလွှတ်နိုင်ရန်အတွက် စွယ်တော်မြတ်စေတီ မင်္ဂလာကန်တော်ကြီးနှင့် ရွှေပြည်သာမြို့နယ် သာဓုကန်ဘုရားစသည်တို့တွင် ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားဗီးယား သားပေါက်များကို ရောင်းချပေးမည် ဖြစ်သည်။ အဆိုပါ ငါးသားပေါက်များကို ကောင်ရေ ၁၀၀၀ နှင့်အထက် ကြိုတင်မှာယူလိုသူများအတွက် ဖုန်း- ၇၀၈၅၁၉၊ ၆၃၅၁၉၆၊ ၆၃၅၇၂၇ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ထို့ကြောင့် မန္တလေးသင်္ကြန်သည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော သင်္ကြန်ဖြစ်ခဲ့သည်။ ရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသော ရွှေမန်းသူ ရွှေမန်းသားများသည် အစဉ်အလာကို ထိန်းသိမ်းခဲ့သည်။ ရိုးရာယဉ်ကျေးမှုကိုလိုက်နာခဲ့သည်။ သင်္ကြန်ပွဲတော်များဖြင့် တစ်ညလုံးဖျော်ဖြေကြသည်။ အမျိုးသမီး ရေသဘင်အသင်းအဖွဲ့များက မဟာမုနိဘုရားကြီး ဦးခိုက်ဖူးမြော်ပြီး ဧည့်ခံဖျော်ဖြေမည့် မဏ္ဍပ်များသို့ပြန်ကာ အဆိုအက တေးသံသာများဖြင့် ဧည့်ပရိသတ်များကို ဖျော်ဖြေကြသည်။

သင်္ကြန်အကြိုညမှ စတင်ဧည့်ခံဖျော်ဖြေသည့် အမျိုးသမီးရေသဘင် ရေသဘင်အသင်းများသည် တစ်ဦးနှင့်တစ်ဦး နှုတ်ခွန်းဆက်ကာ ကျန်းမာစေကြောင်း ဆုမွန်များတောင်းကြသည်။

မန္တလေး သင်္ကြန်၏ အနှစ်သာရသည် ည ၆နာရီကျော်လျှင် ရေမပက်ကြတော့ဘဲ အမျိုးသမီး အမျိုးသားရေသဘင်အဖွဲ့များသည် သင်္ကြန်တေးများကို အပြိုင်အဆိုင် ရေးစပ်သီဖွဲ့ကာ

အတိတ်က မန္တလေးသင်္ကြန်တွင် ငွေငန်းမောင် မြို့မရေသဘင်အဖွဲ့နှင့် အကယ်ဒမီဝင်းဦး သီဆိုဖျော်ဖြေစဉ်။

ဖြစ်သည့် အတက်နေ့ညတွင် မိုးစင်စင်လင်းသည့်အထိ ဖွဲကြီးကြီးနှင့် ကခုန်ကြသည်။ သင်္ကြန်ချစ်သူ ပရိသတ်များ၊ ဂျစ်ကား၊ မော်တော်ကားများဖြင့် လှည့်ပတ်သူများကလည်း ပျော်ပျော်ရွှင်ရွှင်သဲသဲမဲမဲ နေကျဲကျဲတောက်သည်အထိ ဆင်နွှဲလေ့ရှိကြသည်။

ကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

လွန်ခဲ့သော ဆယ်စုနှစ်များကဖြစ်သည်။ ပိတောက်ပန်းများမွှေးပျံ့သည့် သင်္ကြန်အကြိုနေ့ နံနက်ခင်းဖြစ်သည်။ သင်္ကြန်ပွဲတော် ဆင်နွှဲရန် ပြင်ဆင်ကြသည်။ ၁၂လ ရာသီ ပွဲတော်တွင် လူအများစိတ်ဝင်စားဆုံး၊ ပျော်ရွှင်ဆုံးဖြစ်သည့် သင်္ကြန်ပွဲတော် ဆင်နွှဲရန် စတင်လှုပ်ရှားကြခြင်းဖြစ်သည်။

အဆို၊ အက၊ အလှတို့ဖြင့် နာမည်ကြီး နဂါးမယ်အမျိုးသမီးရေသဘင်အသင်း ၈၄ လမ်း လက်ဆည်ကန်ရပ်မဏ္ဍပ်တွင် ဤသို့ ညီညာလှပ ယိမ်းအကဖြင့် ဖျော်ဖြေခဲ့ကြသည်။

အလှဆင်

ဦးစွာပထမ မန္တလေးသင်္ကြန်ပွဲတော်တွင် ဆင်နွှဲကြမည့် အမျိုးသား၊ အမျိုးသမီးရေသဘင်အသင်းများသည် မော်တော်ယာဉ်များကို အလှဆင်၍ မြို့တောင်ဖျားရှိ မဟာမုနိဘုရားကြီးထံ ကားတန်းစီကာသွားရောက် ဦးခိုက်ပူဇော်ဖူးမြော်ကြသည်။ မဟာမုနိဘုရားကြီးကို ဦးခိုက်ပူဇော်ပြီး အချို့သော အမျိုးသားရေသဘင်အသင်းများသည် မြနန္ဒာနေညိုရစ်သန်းသည့် ရွှေမန်းတောင်ရိပ်သို့ သွားရောက်ခိုလှုံကြသည်။

တေးသံသာ

အလှပြ အမျိုးသားရေသဘင်အသင်းများသည် မဟာမုနိဘုရားကြီးကို ဦးခိုက်ပူဇော်ပြီး တစ်မြို့လုံးလှည့်လည်၍ သင်္ကြန်တေးသံသာ အသင်းများသည် လှည့်ပတ်ရောက်ရှိလာကြသည့် အမျိုးသားရေသဘင်အသင်းများအား အပြန်အလှန် တေးသံသာများဖြင့် ဖျော်ဖြေကြပြီး ယဉ်ကျေးသိမ်မွေ့ညီညာသော ယိမ်းအကများနှင့် ဧည့်ခံကြသည်။ အဆို၊ အက ယိမ်းအလှများဖြင့် ဧည့်ခံဖျော်ဖြေပြီး ခွဲခွာခါနီးတွင် အမျိုးသားရေသဘင်အသင်းနှင့် အမျိုးသမီး ညအလှကို အစွမ်းကုန် ခြယ်သယဉ်ကျေးသိမ်မွေ့စွာ ပျော်ပျော်ရွှင်ရွှင် ကခုန်သီဆိုကြသည်။

ဆိုကြကကြ

သင်္ကြန်အကြိုနေ့မှစ၍ သင်္ကြန်အကျ၊ အကြတ်ရက်များတွင် သန်းခေါင်ကျော် အရုဏ်တက်အထိ ဆိုကြကကြသည်။ သင်္ကြန်နောက်ဆုံးရက်

မန်းသင်္ကြန်၏ အစည်ကားဆုံးနေရာဖြစ်သည့် မန္တလေးကျုံးဘေးပတ်လည်တွင် သင်္ကြန်ချစ်သူများ ပျော်ပျော်ပါးပါး ဤကဲ့သို့ ရေကစားကာ သင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲခဲ့ကြသည်။

မန္တလေးသင်္ကြန်သည် ညပိုင်းတွင် အမျိုးသား အမျိုးသမီး ရေသဘင်အသင်းများက အပြိုင်အဆိုင် သီဆိုကခုန်ကြပြီး နေ့ပိုင်းတွင် အနားယူကြသည်။ နံနက်ပိုင်းတွင် ပျော်ပျော်ပါးပါး ရေကစားသူများသည် ဂျစ်ကားများ၊ အမိုးဖွင့်ကားများဖြင့် ရေပက်ခံထွက်ကြသည်။ နေအပူရှိန်ပြင်းသည့် နေ့ပိုင်းတွင် အနားယူကာ ညနေပိုင်း နေဝင်မိုးချုပ်သည့်အထိ ရေကစားကြသည်။ ဤသည်တို့မှာ မြန်မာနိုင်ငံ၏ ထူးခြားမှု ဝိသေသဆောင်နေသည့် မန္တလေးယဉ်ကျေးမှု သင်္ကြန်ပွဲပင်ဖြစ်သည်။

အပြိုင်အဆိုင်

လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်နောက်ပိုင်း ပြည်ထောင်စု သင်္ကြန်ဖြင့် နာမည်ကြီးခဲ့သော မန္တလေးသင်္ကြန်သည် အပြိုင်အဆိုင် ရေးစပ်သီဆိုကာ မြန်မာ့ယဉ်ကျေးမှု အနုပညာကို ဖော်ထုတ်ခဲ့ကြသည်။ မန္တလေးဝန်းကျင်မြို့ရွာများမှ တီးဝိုင်းအဖွဲ့များသည် မန္တလေးသင်္ကြန်ကို လာရောက်၍ အပြိုင်အဆိုင် တီးမှုတ်သီဆိုကာ ပါဝင်ဆင်နွှဲကြသည်။

မန္တလေးသင်္ကြန် ပရိသတ်သည် မိတ္ထီလာက ထီလာမောင်၊ မုံရွာက သလ္လာသက်ဦး၊ မိုးကုတ်က ပတ္တမြားလုလင်၊ ကသာက ကမ်းသာစသည့် ရေသဘင်အသင်းများ နောက်သို့ တကောက်ကောက်လိုက်ကာ နားသောတဆင်ကြသည်။ ရွှေမန်းမေ၊ ဈေးချိုသူ၊ နဂါးမယ်၊ ချစ်ပန်းနွယ်၊ လှပန်းဖြူ၊ ရေနန်းဗိမာန်၊ ဟော်နန်းသူဇာ၊ တိုင်းချစ်မေစသည့် အမျိုးသမီးရေသဘင်အသင်းများသည်လည်း အားပေးကြည့်ရှုသူ ပရိသတ်များဖြင့် စည်ကားသည်။

မန္တလေးသင်္ကြန်သည် လွန်ခဲ့သော ဆယ်စုနှစ်များနှင့် မတူတော့တဖြည်းဖြည်း ပြောင်းလဲလာသည်။ မန္တလေးမြို့ ကျုံးပတ်ပတ်လည်တွင် ရေပက်ခံမဏ္ဍပ်များ ဆောက်လုပ်ကာ ရေပက်ကစားကြသည်။ မန္တလေးမြို့တော်ဝန်က မန္တလေးကျုံးတောင်ဘက် (၂၆လမ်း)ရှိ မြို့တော်ဝန်မဏ္ဍပ်တွင် ဖွင့်ပွဲကျင်းပကာ မန္တလေး ခေတ်သစ်သင်္ကြန်ပွဲတော်ကျင်းပသည်။

တေးဂီတ၊ ရုပ်ရှင်နာမည်ကြီး အနုပညာရှင်များသည် ယဉ်ကျေးမှု မန္တလေးသင်္ကြန်တွင် အစဉ်အလာမပျက် ပါဝင်ဆင်နွှဲ သီဆိုဖျော်ဖြေကြရာနှစ်စဉ်နှစ်တိုင်း မန္တလေးသင်္ကြန်ကို လာရောက်ဆင်နွှဲသူများ သင်္ကြန်ချစ်သူများဖြင့် စည်ကားလျက် ရှိပေသည်။ ။ **(မြန်မာ့အလင်း)**



မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်

ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ – ထောင် (၁) နှစ်

၂။ ကစားသူ – ထောင် (၃) နှစ်

၃။ ထုတ်လုပ်ရောင်းချသူ – ထောင် (၅) နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု ရဟန်းခံ၊ ရှင်ပြုအလှူမင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဇနီး ဒေါ်မူမူဝင်းတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ (၂၁)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံ သာသနာ့ရိပ်သာ၌ ကျင်းပသည်။

သီလဆောက်တည်

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ ဝန်ထမ်းမိသားစုများက သိမ်ဆင်းဆရာတော်၊ သံဃာတော် ၃၇ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူကြပြီး ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တသောဘနထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့် ဇနီး ဒေါ်ဝင်းကြည်တို့က ဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ထမ်းမိသားစုများက ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တ သောဘနထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော် ၇၆ ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈) ရပ် ကွက် ကမ္ဘာအေး ကျောင်းတိုက် ကျောင်းတိုက်သစ် ဝိသုံဂါမသိမ်နှင့် သာသနာမြေ သိမ် ဂရန် ဆက်ကပ် လှူဒါန်းပွဲကို အဆိုပါ ကျောင်းတိုက်၌ကျင်းပရာ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးကျင်မောင်က နိုင်ငံတော် ပရိယတ္တိ သံဃတက္ကသိုလ် မြန်မာစာပါမောက္ခ ဘဒ္ဒန္တ သာဂရဉာဏ ကျောင်းထိုင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မွန်းလွဲ၊ ညနေပိုင်းတွင် နေရာကွက်ကျားမိုး ထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၆၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၉



အတာရေချမ်း ပက်ဖျန်းကြည်နူး နှစ်သစ်ဦးကိုကြိုဆို၍ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၀) ကို ယနေ့ဖြန့်ချိလိုက်သည်။

(ယာပုံ)

မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်း၊ မောင်ကြင်နွယ်၊ သူရဇော်၊ ဝင်းဝေနောင်၊ မြင့်ဦးဦးမြင့်၊ သိပ္ပံစိုးမြင့်နိုင်၊ ပုဏ္ဏဝတီ တင့်နှောင်း၊ စိုးမြင့်စိုး (ကျောက်ပန်းတောင်း)၊ ဇာနည်၊ ကောင်းညွန့်ဝေ(ရေစကြို)၊ ပြင်စည်အောင် (ခရာတော)၊ ပုရစ်ဖူး (မင်းလှ) တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ ပခုက္ကူဦးအုံးဖေ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ အောင်စည်ဟိန်း၊ မြင့်သိန်းအောင်၊ ခင်ဆွေမြင့် (မြန်မာစာ)၊ ချစ်နိုင် (စိတ်ပညာ)၊ ရွှေဥသြ၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၊ သန်းလွင် (ရုပ်စောက်)၊ ဇော်ကိုကို(မြန်မာစာ)၊ မိုးသက်မောင်မောင်၊ တက္ကသိုလ်စိုးယဉ်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မောင်နွယ်သန်း၊ မှူးစိုး၊ မောင်ကျေးဖူးတို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ယုဝတီခင်ဦး၊ ချစ်စံဝင်း၊ ပုသိမ်ရန်နောင်စိုး၊ ပန်းရောင်၊ မြို့သာမရာထို၊ ကေ(တောင်တန်းပြာ)၊ ကျော်မင်းညွန့် (လှည်းကူး)၊ မင်းထက် (ကောလိယ)၊ အောင်စံမြင့်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ် ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောလေ့စာပန်းချီ၊ ပုံပြင်၊ ကာတွန်း၊ ဟာသ ကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ ကလော၊ တောင်ကြီး၊ ဟဲဟိုး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ် စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥပဒေပညာရပ်ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၉

First to Fifth Batch မှ ဥပဒေပညာရပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၂၄ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲ ဖြစ်မြောက်အောင်မြင်စေရေးအတွက် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် ပါဝင်တက်ရောက်ကြရန်နှင့် စေတနာအလျောက် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဦးဇော်ဝင်းလှိုင် ဖုန်း–၅၇၇၈၃၁၊ ဦးအေးသောင်းနှင့် ဒေါ်ခင်သန်းမြင့် ဖုန်း–၅၇၈၀၃၄၊ ၂၄၅၃၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း တရားရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ဧပြီ ၇ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဇမ္ဗူရတနာပရိယတ္တိစာ သင် တိုက် ၌ ဇမ္ဗူပိဋကတ္တယ စာကြည့် ဆောင် သိန်း ၉၀ တန် ကျောင်းဆောင် သစ် ကို ဦးသန်းမြင့်၊ ဒေါ်ခင်သိန်းကြည် မိသားစု (အေးရိပ်မွန်ကုမ္ပဏီ) က လှူဒါန်းရာဆရာတော်အား ကျောင်းဆောင်နှင့် ပတ်သက်သောစာရွက်စာတမ်းများပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အထက(၁)စမ်းချောင်းအာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၉

၁၉၆၅–၁၉၈၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော စမ်းချောင်းအထက(၁)မှ ဆရာ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁)စမ်းချောင်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း–၂၄၃၇၄၈၊ ဦးညွန့်သန်း ဖုန်း–၅၀၁၉၁၉၊ ဦးလှအောင်ရွှေ (ရွှေမိသားစု) ဖုန်း–၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ၅၀၃၇၁၆၊ ဦးသက်ဦး ဖုန်း–၂၅၀၁၄၂၊ ဦးမောင်မောင်ဌေး ဖုန်း–၅၂၆၃၆၂၊ ဦးစိုးနိုင် (အေးမေတ္တာ ကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း–၅၆၅၈၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၄ ရက်က မြောက်ဥက္ကလာပမြို့နယ် စံပြ(ဂ)ရပ်ကွက် ဥက္ကာလမ်းမကြီးဖြစ်မြောက်ရေး လမ်းကော်မတီမှ အသေးစားမီးသတ်စက်နှင့် မီးစက်ပေးအပ်လှူဒါန်းရာ စံပြ(ဂ)ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဦးက လက်ခံရယူစဉ်။ (၃၂၂)

ဘိန်းဖြူနှင့်ဆေးခြောက်ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၉

နယ်မြေခံ ထောက်လှမ်းရေးတပ်၊ တမူး မူးယစ်အထူးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် တမူးမြို့ ကားကြီးဝင်းအတွင်း ခမ်းပတ်မှ တမူးသို့ သွားမည့် ခရီးသည်တင်ယာဉ်အမှတ် ၅က/၅၇၈၅ ကို စစ်ဆေးရာ ယာဉ်ခေါင်မိုးပေါ်တွင် ငရုတ်သီးနှင့် ပဲများရောနှောထည့်ထားသည့် တောင်းအတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၃၇ ခွက် စုစုပေါင်း အလေးချိန် ၅၀၆ ဂရမ်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ

ပူးပေါင်းအဖွဲ့မှ ပိုင်ရှင်ဖော်ထုတ်နိုင်ရေးအတွက် တမူးမြို့မဈေးအနီး စော်ဘွားကြီးကားဂိတ်အထိ လိုက်ပါစောင့်ကြည့်ခဲ့ရာ ၎င်းတောင်းအား လာရောက်ယူဆောင်သည့် မနိမ့်ခိုတင်းအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ခမ်းပတ်မြို့ ရပ်ကွက် (၃)နေ ဦးဇမ်ငင်း၏ သမီး မနိမ့်ခိုတင်းအား တမူးရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၇/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ၁၅/၁၉ (က)အရ အမှုဖွင့် အရေးယူထားသည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်၊ ရန်ကုန်မူးယစ်အထူးအဖွဲ့နှင့် သောင်ကြီးရဲစခန်းကတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် သတင်းအရ လှိုင်သာယာမြို့နယ် (၁၈)ရပ်ကွက် သခင်ဖိုးလှကြီးလမ်းထိပ်တွင် အောင်ကိုလတ်အားရှာဖွေရာ ၎င်းကိုင်ဆောင်ထားသော စတီးချိုင့်အတွင်းမှ ဆေးခြောက် ၆၅၃ ဂရမ်အား ဖမ်းဆီးရမိခဲ့သည်။

အမှုဖွင့်အရေးယူ

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၃) ရပ်ကွက် ရာမည၂လမ်းနေ ဦးရွှေငွေ၏သား အောင်ကိုလတ်အား သောင်ကြီးရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၄ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာကေတမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း(၁)တွင် ဧပြီ၄ရက်က အကြို အခြေခံမီးသတ်သင်တန်း အမှတ်စဉ် ၄/၂၀၀၄ သင်တန်းဆင်းပွဲ အခမ်းအနားပြုလုပ်ရာ အရန်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်မြင့်က အမှာစကားပြောကြားစဉ်။ (၃၀၂)

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စုရှိ ရွာလေးရွာမှ နိုင်ငံသား အရည်အချင်းပြည့်မီသူ ၃၁၁ ဦးတို့အား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ညွန့်က စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(က–ပ)

တစ်ယောက်အားဖြင့် မစွမ်းသာ စုပေါင်းကာကွယ်ပါ

နုနုရီ

ယခုတလော နေ့စဉ်ထုတ် သတင်းစာများတွင်–

- **မီးသုံးစွဲလျှင်၊ အသိယှဉ် အစဉ်သတိ၊ အမြဲရှိ**
- **မီးကြွင်းမီးကျန်၊ မရှိရန် ကျင့်ကြံသတိ၊ အမြဲရှိ**
- **မြို့ရွာတစ်ခွင်၊ သာစေချင် မီးတွင်မပေါ့နှင့်**
- **ကျေးလက်မီးဘေး၊ ကာကွယ်ရေး မနေးဆောင်ရွက် တို့အတွက်**
- **စုပေါင်းကာကွယ်၊ မီးဘေးအန္တရာယ်။**

အစရှိသည့် မီးသတိပြုရေးဆောင်ပုဒ်များကို တွေ့မြင်နေရသည်။

မိုးလေကင်းစင်ပြီး ခြေခင်းလက်ခင်းသာသည့် ပွင့်လင်းရာသီသို့ ရောက်ရှိလေတိုင်း လူအများစိုးရိမ်ထိတ်လန့်နေသောအရာမှာ 'မီးဘေး' အန္တရာယ်ဖြစ်သည်။

မီးကို ကမ္ဘာဦးလူသားတို့ ကျောက်တုံးများကို ပွတ်တိုက်ကြည့်မိရာမှ စတင်တွေ့ရှိခဲ့ပြီး သုံးစွဲခဲ့သည်မှာ ယနေ့ထက်တိုင်အောင် ဖြစ်သည်။ ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသဖြင့် မီးသုံးစွဲမှုမှာလည်း ရှေးယခင်ကကဲ့သို့ သမားရိုးကျ သုံးစွဲမှုမျိုးမဟုတ်တော့ဘဲ နည်းမျိုးစုံဖြင့်တွင်ကျယ်လာခဲ့သည်။

မီးကြောင့် လူသားတို့ အိုးအိမ်နှင့် အနှစ်နှစ်အလလက စုဆောင်းထားသော ဥစ္စာပစ္စည်းများ တဒင်္ဂအတွင်း ပျက်စီးဆုံးရှုံးသွားတတ်ပေသည်။ တိုင်းပြည်၏ တိုးတက်မှု ရှေ့လုပ်ငန်းစဉ်များ ချမှတ်လုပ်ဆောင်နေချိန်တွင် လူတို့၏ပေါ့ဆမှုများကြောင့် လောင်ကျွမ်းမှုမီးသည် လူနေအဆောက်အအုံနှင့် နိုင်ငံတော်ပိုင် စက်ရုံအလုပ်ရုံများ ပါရှိမှုများလည်း ရှိတတ်ပေသည်။ ထိုသို့ နိုင်ငံပိုင် ပစ္စည်းဥစ္စာ ဘဏ္ဍာများ ဆုံးရှုံးမှုတို့ကြောင့် ပြန်လည်ထူထောင်မှုများ ပြုလုပ်ရသဖြင့် ရှေ့လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ရလေသည်။

ထို့ကြောင့် **'လူခိုးတော့ အစုတ်ကျန်' 'မီးလောင်တော့ အပြုတ်နှံ'** ဟူ၍ ဆိုစမှတ်ပြုကြခြင်းလည်း ဖြစ်ပေသည်။ မလိုလားအပ်ဘဲ မီးလောင်မှုကြောင့် မြန်မာပြည်အရပ်ရပ်တွင် နှစ်စဉ်ဆုံးရှုံးမှုများ အများအပြားရှိသည်။

သို့ဖြစ်၍ **'မီးဘေးရှောင် မလောင်ခင်တား'** ဆိုသကဲ့သို့ မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို လေ့လာကြည့်သောအခါ 'ပေါ့ဆမှု' ကြောင့် လောင်သည့်မီးမှာ ၈၅ရာခိုင်နှုန်းခန့်ရှိပြီး မီးလောင်မှုအများဆုံး ဖြစ်ပွားသောအချိန်မှာ ဇန်နဝါရီလမှ မေလအတွင်းဖြစ်သည်။

မိုးပြတ်သွားသည့်အချိန်မှအစပြု၍ ဌာနဆိုင်ရာများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် သက်ဆိုင်ရာမြို့နယ် မီးသတ်ဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် မီးဘေးစီမံချက်များ စနစ်တကျရေးဆွဲပြီး လက်တွေ့သရုပ်ပြပွဲများ၊ ဟောပြောပွဲများ၊ မီးသတ်ရေပိုက်ခေါင်း ကိုင်တွယ်နည်းများ၊ မီးသတ်ဘူးကိုင်တွယ်ပက်ဖျန်းနည်းများကို စနစ်တကျသင်တန်းပေးလေ့ရှိသည်။ သို့မှသာ မီးဘေးအန္တရာယ်နှင့်မလွဲမရှောင်သာ တွေ့ကြုံလာရပါက ဆောင်ရန်၊ ရှောင်ရန်များကို သိရှိနိုင်ရန်ဖြစ်ပေသည်။

ဌာနဆိုင်ရာများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် မီးဘေး စီမံချက်များပြုလုပ်သည့်နည်းတူ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင်လည်း ညအချိန် ရောက်လာတိုင်း သက်ဆိုင်ရာရပ်ကွက်လူကြီးများ၊ ရပ်ကွက်အတွင်းဖွဲ့စည်းထားသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အဆိုတော်ကြီးကိုထွန်းရွှေ၏ **'မီးသတိပြုပါ'** သီချင်းနှင့်အတူ အောက်ဖော်ပြပါအချက်များကို အသံချဲ့စက်များဖြင့် လိုက်လံ၍ သတိပေးလေ့ရှိသည်။

ပူပြင်းခြောက်သွေ့သော နွေဦးကာလသို့ရောက်ရှိလာပြီဖြစ်သဖြင့် မီးသုံးစွဲမှုကို–

- **နေ့စဉ် နံနက် ၄ နာရီမှ ၁၁ နာရီအထိတစ်ကြိမ်၊ ညနေသုံးနာရီမှ ည ၈ နာရီအထိ တစ်ကြိမ်သာ သုံးစွဲရန်၊**
- **လျှပ်စစ်မီး၊ မော်တာမီး၊ မီးဖိုမီး၊ဖယောင်းတိုင်မီးများကို စနစ်တကျ ငြိမ်းသတ်ပြီးမှ အိပ်စက်ရန်၊**
- **မီးချိတ်၊ မီးကပ်၊ ရေအိတ်၊ သဲအိတ်များ စနစ်တကျထားရှိရန်၊**
- **လောင်စာဆီများ သိုလှောင်မှု မပြုလုပ်ကြရန်နှင့်**
- **လမ်းသွားရင်း ဆေးလိပ်မသောက်ရ**

ဟူ၍ ဖြစ်သည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက မည်မျှပင် အသိပေးနှိုးဆော်ပါစေ မီးသုံးစွဲ ကာယကံရှင်များက ပေါ့ဆစွာသုံးစွဲနေမည်ဆိုပါက မီးလောင်မှုကြုံတွေ့နေရမည်သာ ဖြစ်သည်။

'မီး' သည် သုံးစွဲတတ်လျှင် မိတ်ဆွေဖြစ်ပြီး မသုံးစွဲတတ်လျှင် ရန်သူဖြစ်သဖြင့် ထာဝရမိတ်ဆွေဖြစ်ရန်အတွက် မီးသုံးစွဲသူများသည် အသိတရားနှင့်သတိထားပြီး သုံးစွဲကြမည်ဆိုပါက မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်ပေသည်။

အကယ်၍ မလွှဲမရှောင်သာ မီးဘေးအန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံလာလျှင် မိမိ၏ တစ်ယောက်တည်းစွမ်းအားဖြင့် ကြိတ်ပြီးငြိမ်းသတ်မနေဘဲ ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်း၍ ဝိုင်းဝန်းငြိမ်းသတ်ပြီး လက်ဦးမှုကိုရယူပါ။ သို့မှသာ မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်ပေမည်။ ။

ဆုချီးမြှင့်

မတ် ၂၄ရက်က ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ တိုင်းအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဆုရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု တောင်ငူမြို့၌ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

တောင်ငူ မတ် ၃၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း တောင်ငူမြို့အမှတ်(၃)ရပ်ကွက်၊၅လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက် နံနက်က ၅လမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင်တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိက ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းဖြစ်မြောက်ရေး ကော်မတီနာယက အမှတ်(၃)ရပ်ကွက် ဥက္ကဋ္ဌဦးပေါက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တောင်ငူခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးရဲမြင့်၊ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမြင့်ဇော်နှင့် အမှတ်(၃)ရပ်ကွက် ဥက္ကဋ္ဌဦးပေါတို့က ကတ္တရာ လမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါကတ္တရာလမ်းသစ်မှာ အလျား ၁၇၈၆ပေ၊ အကျယ် ၁၂ပေ ရှိပြီး ပြည်သူထည့်ဝင်ငွေ ၃၀၀၅၈၉၆ ကျပ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေ ကျပ် ၁၉၂၅၀၀၀ တို့ဖြင့် ပူးပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖောက်လုပ်ခြင်းဖြစ်ကြောင်းသိရသည်။ **(မြို့နယ်/စည်ပင်)**

အမှတ် (၃)ဘီ/(၃)စီ မိုးကောင်းလမ်းမနှင့်စွန်းလွန်းဂူကျောင်းလမ်းထောင့် ၁၆ရပ်ကွက်၊ ရန်ကင်းနေ ဦးရွှေတိုးအားရည်စူး၍ ဇနီး ဒေါ်သောင်းတင်၊ သားအောင်ရွှေဦး–မမာလာစိုး၊အောင်ရွှေထူး၊အောင်ရွှေဌေး၊ အောင်ရွှေထွန်း(ရွှေနန်း၊ ရွှေဝါနန်းဟိုတယ်)မိသားစုက ကျပ်၂၁၀၀၀၀ ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ အပိုင်း သဃ်ာန်းကျွန်းရှိ နာရေးကူညီမှုအသင်းရန်ကုန်သို့လှူဒါန်းရာ နာရေးကူညီမှုအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူစဉ်။ (က–ပ)

ထီးလင်းမြို့နယ်တွင် ရေပေးရေးလုပ်ငန်းဖွင့်

ထီးလင်း ဧပြီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးသွားသော ထီးလင်းမြို့ ရေပေးရေး လုပ်ငန်းအားထီးလင်းမြို့၌ မတ် ၂၅ရက်က မြို့ရေပေးရေး ပြည်သူများ သောက်သုံးရေကန် အမှတ်(၁)၊ မုခ်ဦးရှေ့တွင် ကျင်းပသည်။ အခမ်းအနားတွင် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(မြို့နယ်စည်ပင်)

မတ် ၂၈ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ်၊ အမှတ် (၃) အခြေခံပညာ အလယ်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့်၊ အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို လူငယ်အားမာန်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ကျင်သော်က စတုတ္ထတန်းမှ မောင်မြတ်ဘုန်းဟန်အား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

(က–ပ)

အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

ပြင်ဦးလွင်မြို့ ကြူးဇက်ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ စတုတ္ထ အကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၄ရက်(စနေနေ့)တွင် ပြင်ဦးလွင်မြို့ ပုလဲခန်းမတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး ကျောင်းသူ ကျောင်းသားဟောင်းများ အမြန်ဆက်သွယ် လှူဒါန်းကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၂–၂၀၀၃ ပညာသင်နှစ်အထိ အခြေခံပညာ အထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသော ကြူးဇက် ရင်သွေးသားသမီးများ အမှတ်စာရင်းမိတ္တူ၊ ဓာတ်ပုံတို့ကို ဒေါက်တာ ရဲလင်းထက် ဖုန်း–၀၈၅–၂၁၆၂၅၊ ဒေါ်ကြည်ကြည်ဝင်း(ရွှေကျီး) ဖုန်း–၀၂–၈၈၅၇၃၊ Salim+ SweSwe Than, ဖုန်း–၀၁–၂၅၁၉၉၃တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(က–ပ)

လှိုင်ကော်မြို့ ကျက် သ ရေ ဆောင် သီရိ မင်္ဂလာတောင် တော်(တောင် ကွဲ)စေတီတော် ကြီး၏ (၂၇) ကြိမ် မြောက် တပေါင်း ပွဲ တော်နှင့် ဆွမ်း ဆန်စိမ်းလောင်း လှူပွဲကို မတ်၅ ရက်က အဆို ပါ တောင်ကွဲ စေတီ ရင်ပြင်၌ ပြုလုပ်ရာ မြို့ပေါ်ရှိ ကျောင်းပေါင်း ၅၀ ကျော်မှ သံဃာအပါး ၁၀၀၀ ကျော်နှင့် သီလရှင်အပါး ၂၀၀တို့ ကြွရောက်ကြပြီး ဌာနဆိုင်ရာများနှင့် ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူ ကြစဉ်။ (၀၈၄)

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အမျိုးသမီးရေးရာအလုပ်အမှုဆောင်အဖွဲ့ ညှိနှိုင်းဆွေးနွေး

မော်လမြိုင် မတ် ၂၄

မွန်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယကနှင့် မွန်ပြည်နယ် အမျိုးသမီးရေးရာအလုပ်အမှုဆောင်အဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းပွဲကို မတ် ၁၁ ရက်နှင့် ၁၂ ရက် နေ့များတွင် မွန်ပြည်နယ် အေးချမ်းသာယာရေး ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ ဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ နာယက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်၏ဇနီး ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကားပြောကြားပြီး(**အောက်ပုံ**) မွန်ပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) အထွေထွေအုပ်ချုပ်ရေးမှူး ပြည်နယ် အထောက်အကူပြုအဖွဲ့ကိုယ်စားဦးသိမ်း ဆွေက လုပ်ငန်းဆိုင်ရာများကို အသေး စိတ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှေ့လုပ်ငန်းစဉ်များ အပေါ် တက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ ဝင်များက မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးညှိနှိုင်းမေးမြန်းချက်များ အပေါ် ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်သန်း သန်းနွဲ့နှင့် အထောက်အကူပြု အဖွဲ့ ကိုယ်စား အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိမ်းဆွေကအကြံပြုဖြည့်စွက်ဆွေးနွေး မှာကြားကြသည်။ **(ခရိုင်ပြန်/ဆက်)**

အင်းတော်ပြည်သူ့ဆေးရုံဓာတ်မှန်ဆောင်ဖွင့်

အင်းတော် မတ် ၂၁

အင်းတော်မြို့ မြို့နယ်ပြည်သူ့ ဆေးရုံဓာတ်မှန်ဆောင်ဖွင့်ပွဲ အခမ်း အနားကို ဖေဖော်ဝါရီ ၂၅ ရက်ညနေ ၅ နာရီက အဆိုပါဓာတ်မှန်ဆောင် ရှေ့မြက်ခင်းပြင်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ အင်းတော်မြို့ မြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက် ဆရာဝန်ဒေါ်ပြုံးက ဓာတ်မှန်ဆောင် ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပြီး ဓာတ်မှန်ဆောင်ဖြစ်မြောက်ရေးကော် မတီဥက္ကဋ္ဌ ဦးတိုးအောင်နှင့် အောင် ဇေယျာရပ်ကွက်ဥက္ကဋ္ဌ ဦးမြတို့က ဓာတ်မှန်ဆောင်ကိုဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဓာတ် မှန်ဆောင် ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးဗိုလ်ချုပ် သာအေးနှင့် တာဝန်ရှိသူများက ဓာတ် မှန်ဆောင်အတွင်း ကြည့်ရှုစစ်ဆေး ကြောင်း သိရသည်။ (၁၃၃)

အမြို့မြို့ အနယ်နယ် သတင်းများ

မြင်းခြံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ဦးဆောင်၍ ခရိုင်ကျန်းမာ ရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လှနှင့် အထူးကုဆရာဝန်ကြီးများ ဖေဖော်ဝါရီ ၂၉ ရက်က နွားထိုးကြီးမြို့နယ် ဝက်လူစံပြကျေးရွာ တိုက်နယ် ဆေးရုံတွင် ကျေးလက်ပြည်သူ ၈၃၄ဦးတို့အား ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းနှင့် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းလူနာ ၇၁ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးကြစဉ်။ (၄၀၂)

မူလတန်းကျောင်းဖွင့်၊ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

တန့်ဆည် မတ် ၈

နဘက်ငယ်အုပ်စု တဆယ်ကျဲ ကျေးရွာ အစိုးရမူလတန်းကျောင်း ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားကို မတ် ၆ရက် နံနက် ၁၀နာရီက တဆယ်ကျဲကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးနှင့် အဖွဲ့ ဝင်များ၊ မြို့နယ်ပညာရေးမှူးဦးကံသိန်း နှင့် ဆရာဆရာမများ၊ ဌာနဆိုင်ရာ များနှင့် ကျေးရွာပြည်သူ ၅၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာ ရေးမှူး ဦးကံသိန်းနှင့် ကျောင်းဖြစ် မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ပို တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးက အမှာစကားပြောကြား ပြီး၊ မြို့နယ်ပညာရေးမှူး ဦးကံသိန်းက ပညာရေးဌာနလုပ်ငန်းများကိုရှင်းလင်း မှာကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းက အမှာစကားပြန်လည်ပြော ကြားသည်။

ဆက်လက်၍ ကျောင်းဖြစ်မြောက် ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ပိုက မူလ တန်းကျောင်းနှင့် ပတ်သက်သည့် စာရွက် စာတမ်းများကို မြို့နယ်ပညာ ရေးမှူး ဦးကံသိန်းသို့လွှဲပြောင်းပေးအပ် သည်။ **(မြို့နယ် ပြန်/ဆက်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ခဲ့သော ဇီးဖြူပင်ကျေးရွာ အလှူရှင် စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၃ ရက်က အဆိုပါကျေးရွာ၌ကျင်းပရာ စလင်းမြို့နယ်မှူး ဦးချစ်ဆွေနှင့် စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မင်းရွာကျေးရွာ စက်ရေတွင်းဖွင့်

ဝက်လက် မတ် ၂၀

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မင်းရွာကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၇ ရက် နံနက် ၁၀ နာရီက မင်းရွာကျေးရွာ ဇမ္ဗူရတနာ ဘုန်းတော်ကြီးကျောင်း ဝင်း၌ ပြုလုပ်ရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ (ယာယီ) ဒုတိယရဲမှူးရဲမြင့် နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွင်ညွှန့်တို့က ရေခလုတ်များဖွင့်၍ စက်ရေတွင်းကို ဖွင့်လှစ်ပေးကြသည်။

စက်ရေတွင်းအတွက် ရန်ကုန်မြို့ အလုံလမ်း အမှတ် ၇၇၊ လေးလွှာ၊ ဆင်မင်းလမ်း၊ ဆင်မင်းရပ်ကွက်နေ ဒေါ်စိန်စိန်မိသားစုက ကျပ်ငါးသိန်း ကို ဆရာတော်အရှင်ဇဝနာလင်္ကာရ အား အမှူးပြုလျက် ကွယ်လွန်ခဲ့ကြ သော ကျေးဇူးရှင်များအား ရည်စူး၍ လှူဒါန်းကြောင်းနှင့်စည်ပင်သာယာက စိုက်ထုတ်ငွေကျပ်သုံးသိန်းဖြစ်ကြောင်း သိရသည်။

(က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ကန့်ဘလူ မတ် ၂၄

(၅၉)နှစ်မြောက်တပ်မတော်နေ့ ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ အောင် သိဒ္ဓိလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းထိပ်မုခ်ဦးမဏ္ဍပ်၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က စည်ပင်သာယာ ရေးအဖွဲ့နှင့်ဒေသခံပြည်သူတို့ပူးပေါင်း ဆောင်ရွက်သည့် ကျေးလက်ဖွံ့ဖြိုး ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ရန် လုပ်ငန်းများအခြေအနေနှင့် အောင် သိဒ္ဓိလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ပေရှိ အောင်သိဒ္ဓိကတ္တရာ ခင်းလမ်းကို ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်၊ လမ်းဖြစ်မြောက် ရေးကော်မတီဝင် ဦးတင်မောင်ဝင်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ **(အောက်ပုံ)**

အဆိုပါလမ်းကို အဖွဲ့ခွင့်ပြုငွေကျပ် ၁၈၁၉၄၇၀၊ ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၁၃၀၀၀၀၀ စုစုပေါင်း ကျပ် ၃၁၁၉၄၇၀ အကုန်အကျခံ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၀၅၆)

စာအုပ်ပြပွဲနှင့်ပြခန်းဖွင့်လှစ်ပြသ

ရပ်စောက် မတ် ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ တို့ ပူးပေါင်း၍ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို စူဠာမုနိ ဘုရားပွဲတော်တွင် မတ် ၂၃ ရက်မှ ၂၇ရက် အထိ ပြခန်းဖွင့်လှစ်ပြသပြီး ညပိုင်းတွင် အသိပညာပေးနှင့် မြို့နယ် လှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုများပြသ ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ရွေ့သာယာမော်တော်ကား ထုတ်လုပ်ရေးမှ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ရန်အတွက် WAGON နှင့် TRUCK ကား တပ်ဆင်ထုတ်လုပ်နိုင်သော ကျွမ်းကျင်ဘော်ဒီဆရာ ၁၀ ဦး အလိုရှိပါသည်။

အလုပ်လျှောက်လွှာများကို အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံအတွက် လိုအပ်သောအထောက်အထားမိတ္တူများ၊ ကိုယ်ရေး သမိုင်းအကျဉ်း စသည်တို့ကို ကြော်ငြာသည့်နေ့မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာတွင် လျှောက်ထားနိုင်သည်။

မိဘကျေးဇူးကုမ္ပဏီလီမိတက်
အမှတ် ၃၄၊ မြေညီထပ်၊
စဥ့်အိုးတန်းလမ်း(အောက်ဘလောက်)
လသာမြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅
ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၈

မန်နေဂျာ(၎င်းကိုယ်စား ဘဏ်ခွဲ တာဝန်ခံ ဒေါ်နန်းမြအေး အာရှဓနဘဏ်လီမိတက်၊ရန်ကုန်မြို့	နှင့် ၁။ ဒေါ်ဆယ်ချိုက်ဟွေ ၂။ ဦးခေါင်ရှင်းခွေ (အတူနေအကြင်လင်မယား)
တရားလို	**တရားခံ**

မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ် ၅၆ နေ ဒေါ်ဆယ်ချိုက်ဟွေနှင့် ဦးခေါင်ရှင်းခွေတို့သိစေရမည်။

သင့်အပေါ်၌ မန်နေဂျာ အာရှဓနဘဏ်လီမိတက် ရန်ကုန်မြို့က ငွေပေါင်း ၄၉၅၈၃၃၀၁ ကျပ် ၆၁ ပြားအတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ ရက် (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၁ နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်ဦး
ပြည်နယ်တရားသူကြီး။

အများသိစေရန်

ရန်ကုန်မြို့၊ အမှတ် (၁၈) အက်ဖ်၊ ရတနာမြိုင်လမ်း၊ ၁ ရပ်ကွက် ကမာရွတ်မြို့နယ်နေ ဦးထင်ကျော် အမှတ် ၅၉၆ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးခေါချွန်ဦး(ခ)ဦးခင်မောင်ဦး အမှတ် ၁၄၈ လသာလမ်း၊ လသာမြို့နယ်နေ ဦးအောင်သန်း(ကွယ်လွန်)၏ဇနီး ဒေါ်ခင်ခင်ချို (ခ)ချန်ချိုတီ အမှတ် ၈၂/က ဆရာစံလမ်းသွယ်၊ ဗဟန်းမြို့နယ်နေ ဒေါ်မြတ်မွန်ချန်စုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာပါသည်။

အထက်အမည်ပါသူလေးဦးမှ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၄၆ မြေကွက်အမှတ် ၅/က၊ ဘီ-လ/န ၃၉ (စက်ရုံမြေသတ်မှတ်) မြေကွက်နှင့်မြေတိုင်းရပ်ကွက်အမှတ် ၄၆ မြေကွက်အမှတ်-၅/ခ (သက်ကုန်) (စက်ရုံမြေသတ်မှတ်) အမျိုးအစား မြေကွက်တို့နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ၁၀-၁၂-၂၀၀၃ ရက်စွဲပါ စာအမှတ် ရကစ/မြို့ပြမြေစီမံ-၂၀၀၃ (၄၂၂၅) အရ ပိုင်ဆိုင်ကြောင်း တရားရုံးမြွက်ဟကြေညာချက် ဒီကရီတင်ပြရန် အကြောင်းပေါ်ပေါက်လာပါသဖြင့် တရားရုံးတော်တွင် ပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီ လျှောက်ထားမည်ဖြစ်ပါ၍ တရားဝင်အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မြမြထွန်း
တရားရုံးချုပ်ရှေ့နေ စဉ် (၆၉၁၀)
အမှတ် ၅၀၊ ဘဏ်လမ်း၊ အခန်းအေ-၁၈
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မူလလက်ဟောင်း "ဆူးလေချစ်တီးထမင်းဆိုင်" ပြန်လည်ဖွင့်လှစ်ပြီ

သန့်ရှင်းလတ်ဆတ်တဲ့ "ဆူးလေချစ်တီး" ထမင်းဟင်းကောင်းကောင်းလေးစားချင်တယ်ဆိုရင်တော့ အမှတ် ၄၃၄၊ သိမ်ဖြူလမ်းက "ဆူးလေချစ်တီး" ထမင်းဆိုင်ကို ကြွလှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါရစေ၊ နံနက်စာအဖြစ် လက်ဖက်ရည်၊ ကော်ဖီ၊ အာလူးပူရီ၊ တိုရှည်၊ နန်းကြီးသုပ်၊ နန်းပြားသုပ်များလည်း အရသာရှိရှိ လာရောက်သုံးဆောင်နိုင်ပါတယ်။ ယခင်ဆူးလေဘုရားလမ်းက "ဆူးလေချစ်တီး" ထမင်းဆိုင်ကိုလာရောက်စားသုံး အားပေးဖူးသော မိတ်ဟောင်းများရဲ့တောင်းဆိုမှုကို ကျေးဇူးတုံ့ပြန်သောအားဖြင့် "ဆူးလေချစ်တီး" ထမင်းဆိုင်ကို ယခုသိမ်ဖြူဈေးမှတ်တိုင်အနီး သိမ်ဖြူလမ်းမပေါ်တွင် ပြန်လည်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါတယ်။ မွေးနေ့၊ အလှူမင်္ဂလာ၊ ဧည့်ခံပွဲများအတွက် အော်ဒါများလည်း လက်ခံဆောင်ရွက်ပေးလျက် ရှိပါတယ်။

နှစ်ကူးအတာသင်္ကြန်တွင်း လူကြီးမင်းများ အဆင်ပြေစွာ စားသုံးနိုင်ရန် ဆိုင်ဖွင့်လှစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ **အမှတ် ၄၃၄၊ သိမ်ဖြူလမ်း၊ ဖုန်း-၂၉၀၂၅၈**

ပန်းတနော်၌ ကျေးလက်လမ်း နှစ်လမ်းဖွင့်

ပန်းတနော် မတ် ၂၉

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် သရက်ငူ-မရမ်း ကျေးလက်ကျောက် ချောလမ်း (ဒုတိယပိုင်း)နှင့် ချောင်းကလေး-ကျုံပဒေါ ကျေးလက်ကျောက်ချောလမ်းသို့ တက်ရောက်ဖွင့်လှစ်သည်။

ရှေးဦးစွာ သရက်ငူ-မရမ်း ကျေးလက်ကျောက်ချောလမ်း(ဒုတိယပိုင်း)ကို ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ခရိုင်ဥက္ကဋ္ဌနှင့်မြို့နယ် အသင်းအတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ချောင်းကလေး-ကျုံပဒေါကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲကိုဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး၊ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုးကျောင်း ပညာရေးဌာနသို့ လွှဲအပ်

ရန်ကုန် ဧပြီ ၉

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာ အခြေခံပညာအလယ်တန်း(ကျောင်းခွဲ)ကို ပညာရေးဌာနမှ ပံ့ပိုးငွေကျပ် ၂၇သိန်း၊ ရန်ကုန်မြို့နေ အလှူရှင် ဦးကျော်ဝ၊ ဦးခင်ဝင်းနှင့် ကျေးရွာသားများ စုပေါင်း လှူဒါန်းငွေ ၄၅သိန်း စုစုပေါင်း ၇၂ သိန်းဖြင့် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ တိုက်ကျောင်းကို တည်ဆောက်ပြီး ပညာရေးဌာနသို့ ဇန်နဝါရီ၁၀ရက်က လွှဲအပ်ပြီးဖြစ်သည်။ **(က-ပ)**

ပဲခူးမြို့နယ် ကလိ တပ်ကလေး ကျေးရွာအုပ်စုတွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်း အနားကို ဧပြီ ၃ရက်က ၎င်းကျေးရွာ အမက၌ ကျင်းပရာ ပဲခူးခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး(ဒုတိယ ညွှန်ကြားရေးမှူး) ဦးသိန်းထွန်းက နိုင်ငံသားအရည်အချင်းပြည့်မီသူ တစ်ဦးအား နိုင်ငံသား စိစစ်ရေး ကတ်ပြားပေးအပ်စဉ်။ (၁၇၃)

နယ်လှည့်စာကြည့်တိုက်ဖွင့် ပညာပေးဟောပြောပွဲကျင်းပ

သာစည် မတ် ၁

သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း စီစဉ်သည့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ၂နာရီက ကြာဘက်ကုန်းကျေးရွာ အမကတွင် ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ကျေးရွာအသင်းစည်းရုံးရေးမှူး ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းတင့်က နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ဖွံ့ဖြိုးရေး ဆည်နှင့်ကျေးရွာချင်းဆက်လမ်းများဖွင့်

ကလေးဝ မတ် ၂၅

ကလေးဝမြို့နယ်အတွင်း ဆောင်ရွက်အကောင်အထည်ဖော်ပြီးစီးခဲ့သည့် ကျေးလက်ဖွံ့ဖြိုးရေး ဆည်နှင့်ကျေးရွာချင်းဆက်လမ်းများ ဖွင့်ပွဲကိုသက်ဆိုင်ရာ ကျေးရွာအုပ်စုများတွင် ကျင်းပသည်။

ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၁နာရီတွင် လမ်းအရှည်မိုင် နှစ်မိုင်ရှိသော တွန်လှော်-ကျခတ္တော-ဘလက်သာ-ကျေးရွာချင်းဆက်မြေသားလမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် ဘလက်သာကျေးရွာဥက္ကဋ္ဌ ဦးချစ်စံတို့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ရက် နံနက် ၈ နာရီခွဲတွင် လယ်မြေဧက ၇၀ ကို ရေပေးဝေနိုင်သည့် ကျေးလက်ဖွံ့ဖြိုးရေးရှုဂမ်းဆည်ကို မြို့နယ်ဥက္ကဋ္ဌနှင့် ရှုဂမ်းကျေးရွာဥက္ကဋ္ဌ ဦးအဲမောင်တို့ကလည်းကောင်း၊ ယင်းနေ့ ၁၁ နာရီတွင် အရှည် သုံးမိုင်ရှိသော ခုံပြင်-ရှုဂမ်း-နန်းပင်းကျေးရွာချင်းဆက်လမ်းကို မြို့နယ်ဥက္ကဋ္ဌနှင့် အင်ဒုတ်ကျေးရွာဥက္ကဋ္ဌ ဦးထိုက်အောင်တို့ကလည်းကောင်း ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

တပ်ကုန်းမြို့နယ် ခြုံကြီးကျေးရွာအခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ပညာသင်နှစ် မူလတန်းဆင့်ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို မတ်၃ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝေက တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားတစ်ဦးအား ထူးချွန်ဆုပေးအပ်စဉ်။
(၂၆၆)

ကားငှားရန်

သင်္ကြန်တွင်းလည်ရန် Truck Car မျိုးစုံနှင့်ခရီးစဉ်မျိုးစုံအတွက် ကားများ ငှားရန်ရှိသည်။ အကျိုးတူပူးပေါင်းလိုသူ ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၅၂၄၆၈၆၊ ၀၉-၈၀-၂၄၀၄၄

အမည်ပြောင်း

အဖ ဦးထိန်လင်း၏သား အမက (၃) ဗဟန်း ဒုတိယတန်း(A)မှ မောင်ဟိန်းလင်းစည်အား ယနေ့မှစ၍ မောင်ဟန်လင်းထွန်း ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟန်လင်းထွန်း။**

အမည်ပြောင်း

မြိတ်မြို့ အထက(၂) န၀မတန်း (D) တွင် ပညာသင်ကြားနေသော အဖ ဦးမျိုးနိုင်၏သား မောင်နိုင်လင်းဦးအား ယနေ့မှစ၍ မောင်နိုင်လင်း ဟု ပြောင်းလဲခေါ်ပါရန်။

မောင်နိုင်လင်း။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၄ခုနှစ် ဧပြီလ ၁၂ရက် (တနင်္လာနေ့)မှ ၁၆ရက် (သောကြာနေ့)အထိ သင်္ကြန်ရက်များသည် အများပြည်သူ အလုပ်ပိတ်ရက်များဖြစ်ပါသဖြင့် ၎င်းနေ့များတွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။ **မြန်မာနိုင်ငံတော် ဗဟိုဘဏ်**

ဝယ်လို/ရောင်းလိုသည်

ယုဇနဥယျာဉ်မြို့တော်တွင်
တိုက်ခန်းများ
ရောင်း၊ ဝယ်၊
ငှားရမ်းလိုပါသည်။
ဖုန်း-၅၉၃၁၁၆၊ ၀၉-၂၀-၄၂၀၁၇

ဂမ္ဘီရ၊ ပိတုံး၊ ပုတီး

အဆောင်များ

၁၃၆၆ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ၁၇-၄-၂၀၀၄ ရက် နံနက် ၇နာရီတွင် ရရှိပါမည်။

ခင်မျိုးတင့် (မြန်မာ့ဗေဒင် နဝင်းစီးပညာ)
အခန်း ၄၊ မဟာဝိဇယစေတီ၊ ရန်ကုန်
ခြသေ့်နှစ်ကောင်အနီး

အများသိစေရန်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း အမှတ် (၂၇၂) တွင် ရှိသော ဓနလိုင်တာဝါ အဆောက်အအုံမှာ ကျွန်ုပ်၏ မိတ်ဆွေများ ဖြစ်သော ဦးသိန်းဖေ၊ ဒေါ်သန်းသန်းတို့ ပိုင်ဆိုင်သော အဆောက်အအုံဖြစ်ပါသည်။ ယင်းအဆောက်အအုံတွင် ငှားရမ်းနေထိုင်လုပ်ကိုင်နေသော ဓနလိုင်ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဓနလိုင်တာဝါပိုင်ရှင်များတို့သည် အမည်အားဖြင့် ဆင်တူရိုးမှား ဖြစ်နေသော်လည်း သီးခြားစီဖြစ်၍ မည်သို့မှ ပတ်သက်မှု မရှိကြောင်း အများသိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-**ဦးသန်းအောင် B.Sc., B.L**
တရားရုံးချုပ်ရှေ့နေ (၁၁၀၆)
နိုတြီပဗ္ဗလစ်
၈၂/မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း-၅၁၀၆၂၈၊ ၇၂၃၇၁၀

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့်၅)
ပဲခူးခရိုင် တရားရုံး၌
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဦးရင်(ခ)ဦးမြင့်ခိုင် နှင့် ၁။ ဦးကျော်စိုးဦး
၂၊ ဒေါ်တင့်တင့်ခိုင်

တရားလို **တရားပြိုင်များ**

စစ်ကိုင်းတိုင်း၊ ကနီမြို့၊ စည်ပင်သာယာရေးအဖွဲ့ရပ်နေ ဦးကျော်စိုးဦး(ဘ) ဦးတင်အုန်း၊ အင်ဂျင်နီယာ၊ ဒေါ်တင့်တင့်ခိုင် (ဘ) ဦးမြင့် (အတူနေဇနီး)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိဝန်ခံချက်အတိုင်း ဆောင်ရွက်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ်၊ ဧပြီ ၂၂ ရက်နေ့၊ ၁၃၆၆ ခုနှစ် ကဆုန်လဆန်း၄ရက်နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအပ်ဖို့လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် မတ်လ ၃၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မြင့်မြင့်
ဒုတိယခရိုင်တရားသူကြီး (၁)
ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့



အမှားပြင်ဆင်ချက်

၃၁-၁-၂၀၀၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၇)၌ ရန်ကုန်တိုင်း တွံ့ဖက်တိုင်းတရားသူကြီး (၁)ရုံး၏ တရားမဇာရီမှုအမှတ် ၂၃၀/၂၀၀၃ ရောင်းချရန် ကြော်ငြာစာပါ ကြမ်းခင်းဈေး ကျပ်သိန်း၈၀ဟု မှားယွင်းဖော်ပြမိ၍ ကြမ်းခင်းဈေးအမှန် ကျပ်သိန်း ၁၀၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဝမ်းနည်းကြေကွဲခြင်း

ဂီတစာဆို ဦးမြတ်သန်းထိုက်(ခ)ဦးမြတ်ငြိမ်း
မြန်မာနိုင်ငံဂီတအစည်းအရုံး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်
အသက်(၇၀)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ၂၀၀၃ ခုနှစ်မှစ၍ တေးသီချင်းအကဲဖြတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည့် ဂီတစာဆို ဦးမြတ်သန်းထိုက်(ခ)ဦးမြတ်ငြိမ်းသည် ၄-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော
ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့။

ရဟန်းဒါယကာကြီး

ဦးဌေးလွင်

(တောင်ဇင်း၊သုဝဏ္ဏ)
ဆောက်လုပ်ရေး
ယန္တရားတပ်ခွဲ(တောင်)၊ငြိမ်း
အသက်(၇၄)နှစ်

ညောင်ဦးမြို့၊ တောင်ဇင်းရွာနေ (ဦးစံလှ-ဒေါ်ကြွေ)တို့၏သား၊ ဂန့်ဂေါမြို့နေ (ဦးရာထိုက်-ဒေါ်အေးမြ)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)ကျောင်းဝိုင်း၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ(ဓမ္မာစရိယ၊ LL.B ၊ မဟာဂန္ထဝါစကပဏ္ဍိတ)၏ ဖခမည်းတော်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ အမှတ် ၇၈၂၊ ငွေစင်လမ်းနေ ဒေါ်ညိုလှ၏ခင်ပွန်း၊ ဒေါ်ဝေဝေလွင်(ဆမ၊ရုံးချုပ်)၊ ဦးသိန်းနိုင်-ဒေါ်ခင်စိန်၊ ဦးကျော်စိုးရင်-ဒေါ်ခင်ခင်ပြုံး၊ ဦးဗညားဦး-ဒေါ်ချိုချိုလွင်(ဆမ၊ ရုံးချုပ်)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၆-၄-၂၀၀၄ရက် နံနက် ၉း၀၂ နာရီတွင် အမှတ် ၇၉၄၊ ဗိုလ်စိန်မှန်လမ်း၊ (၄၄) ရပ်ကွက်၊ ဦးကျော်စိုးရင်၏ နေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် ၇၉၄၊ ဗိုလ်စိန်မှန်လမ်း နေအိမ်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်

စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု မဟာဘွဲ့ (အမ်ဘီအေ)သင်တန်း
ဝင်ခွင့်စာမေးပွဲအတွက်

လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒနှင့်စီမံခန့်ခွဲမှုပညာဌာနတွင် စတင်ဖွင့်လှစ်မည့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ဘီအေ) အစီအစဉ်၏ ၂၀၀၄ခုနှစ်၊ ဇွန်လတွင် စတင်မည့် ပထမနှစ်သင်တန်းအတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့်သူများသည် အမ်ဘီအေ သင်တန်းဝင်ခွင့်၊ စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ဝယ်ယူတင်သွင်းနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်သူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
၂။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှုပညာဌာန၊ H ဆောင် အပေါ်ထပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့တွင် ၂၂-၄-၂၀၀၄ ရက်နေ့မှစ၍ ဝယ်ယူနိုင်သည်။
၃။ ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာများကို (၇-၅-၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် လာရောက်လျှောက်ထားနိုင်သည်။
၄။ ဝင်ခွင့် ရေးဖြေစာမေးပွဲကို ၂၀၀၄ခုနှစ်၊ မေလ ၁၀ရက်နေ့ (တနင်္လာနေ့)တွင် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်တွင် ကျင်းပပါမည်။
၅။ ဝင်ခွင့်စာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသား ဦးရေ ကန့်သတ်လက်ခံပါမည်။
၆။ သင်တန်းနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) ဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှုပညာဌာန၊ H ဆောင်၊ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်
(ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၆၄-၅၀၂၈၂
(ဂ) မော်ကွန်းထိန်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ဖုန်း-၀၆၄-၅၀၂၈၂

(အောင်အောင်စိုး)
မော်ကွန်းထိန်း
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

သင်္ကြန်တွင်း

ပိတ်ရက်မရှိ ခတ်ခွဲခန်းဖွင့်မည်။
နံနက် ၈ နာရီမှ ည ၈ နာရီ

လမ်း (၃၀)၊ ဆေးခန်း
အမှတ် ၁၉၁-၁၉၃၊
လမ်း ၃၀ အထက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၆၁၇၇၊ ၃၇၁၆၁၁၊ ၃၇၁၆၁၂

ပေါင်းတည်အသင်း(ရန်ကုန်)

ဒေါ်မြညွန့်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊အောင်ဇေယျရိပ်သာ တိုက်၃၂ အခန်း(၅)နေ အသင်းနာယက(ဦးသြဘာ)၏ဇနီး၊ ရာသက်ပန်အသင်းဝင် ဒေါ်မြင့်မြင့်အေး၏ မိခင်၊ ရာသက်ပန်အသင်းဝင် အမှတ် ၃၅၀ ဒေါ်မြညွန့်သည် ၄-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၆-၄-၂၀၀၄ ရက်နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့။**

ဟန်လွှမ်းဖုန် (ဒေါ်နွယ်)

(ကော့သောင်းမြို့)
အသက်(၇၉)နှစ်

ကော့သောင်းမြို့၊အမှတ်၂၇၇၊စံပယ်လမ်းနေ (ဦးတန်အင်လုံ)၏ဇနီး၊ ဦးခိန်း၊ ဦးဘင်တိတ်၊ဦးတန်ဘွန်တီ၊ဦးမောင်ပု၊ ဦးတန်ဘွန်ထွန်း၊ဒေါ်ရှူဖာ၊ဒေါ်ရှူနီ၊နီနီငယ်တို့၏မိခင်၊ ဒေါ်စင်း၊ဒေါ်နော်ဖရင်းဂို့(စ်)၊ ဒေါ်နယ်လီတို့၏သမီးချွေးမ၊ မဥမ္မာဝင်း၊ မခိုင်ဇင်ဝင်း၊ မောင်ဝေဖြိုးဦး၊ မောင်ဝေထက်နိုင်၊ မောင်စိုးမိုးနိုင်၊ မောင်အေးမင်းထွန်း၊ မကေခိုင်ထွန်း၊ မတင်နီလာထွန်း၊ မဖောမူနားတို့၏အဘွားသည် ၇-၄-၂၀၀၄ရက်တွင် ကော့သောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ရက်တွင် ကော့သောင်းမြို့ရွှေပြည်သာသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျောင်းကုန်းမြို့နယ်အသင်း

ဦးတင်ဦး

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ သင်္ဂဟရွှေရည် လက်ဖက်ရည်ဆိုင်နေ ရာသက်ပန်အသင်းသူ ဒေါ်ကြင်မွှေး၏ခင်ပွန်း၊ ရာသက်ပန်အသင်းသား ရွှေကြက် ဦးတင်ဦးသည် ၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ **အမှုဆောင်အဖွဲ့။**

ဦးစိုးမောင်

ကျန်းမာရေးမှူး(ငြိမ်း)
အသက်(၇၃)နှစ်
ပုသိမ်မြို့

ပုသိမ်မြို့ အမှတ် ၁၊ တဂေါင်းဘုရားလမ်းနေ (ဦးဘတင်-ဒေါ်ထွေးရင်)တို့၏သား၊ ဒေါ်ခင်ညို၏ခင်ပွန်း၊ ဦးမောင်မောင်စိုး-ဒေါ်မာတီး၊ မနီနီစိုး(ပန်းခွာညို အလှပြင်ဆိုင်)၊ မမာမာအေး၊ မညိုညိုစိုး (သတ္တဗေဒဌာန)၊ ကိုညီညီစိုးတို့၏ ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၂-၄-၂၀၀၄ ရက် ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၀၄ ရက်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်

(ဗဟိုစည် ထမင်းဆိုင်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဆင်မင်း အိမ်ရာ၊ အလုံကမ်းနားလမ်း၊ တိုက် ၃၊ အမှတ် ၅၀၃ နေ (ဦးရွှေရွှယ်-ဒေါ်ထား)တို့၏သမီး၊ (ဦးကြိုင်ထွန်း) ၏ဇနီး၊ ဦးစန်းကြည်-(ဒေါ်မြင့်စန်း)၊ ဦးကံထွန်း-ဒေါ်စုစုအောင်၊ ဦးအုန်းသွင်-ဒေါ်ခင်အုန်းမြင့်၊ ဦးအောင်ခင်-ဒေါ်ခင်စန်းဝေ၊ ဦးအေးနိုင်-ဒေါ်ယဉ်မွှေး၊ ဦးမျိုးညွန့်-ဒေါ်မေလှမြိုင်တို့၏မိခင်၊ ဦးတင်အောင်၊ ဦးမောင်အေး-ဒေါ်ခင်အေးတို့၏ အဒေါ်၊ မြေး၁၆ယောက်၊မြစ်ကိုးယောက်တို့၏ အဘွားသည် ၈-၄-၂၀၀၄ ရက် နံနက် ၀၂း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

ဒေါ်ထူထူမ

အသက်(၇၃)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်ကျောက်တွေရွာနေ (ဦးဘိုးလှိုင်-ဒေါ်မအောင်)တို့၏သမီး၊ ဦးဘိုးချီးအောင်၏ဇနီး၊ ဦးကျော်မြ-(ဒေါ်အုန်းရွှေ)၊ ဦးကျော်ထွန်း-ဒေါ်အေးသန့်၊ ဦးကျော်သန်း-ဒေါ်နုနုလွင်၊ ဦးရွှေသန်းမောင်-ဒေါ်မိမိဟန်၊ မောင်ထွန်းဝင်း၊ မချမ်းမြေ့တို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၅-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၁၁-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၉၁၈၊ သီလ ၁၁ လမ်း၊ (၄)ရပ်ကွက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဖခင်အမည်မှန်

မော်ဘီအထက(၂)နဝမတန်း(ဃ)မှ မောင်သူဝင်း၏ ဖခင်အမည်မှန်မှာ ဦးစံမြိုင် မှတ်ပုံတင်အမှတ်၁၂/မဘန(နိုင်)၀၇၃၆၃၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ခ/၄၁၄၁၊စ/၇၈၀၄ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(သာယာဝတီ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(သာယာဝတီ)**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ရွှေ (ဟသ်ာတ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဓမ္မာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ ခြံအမှတ် ၆၃/အေနေ ဦးမြတင်၏ဇနီး၊ ဦးခင်မောင်သန်း (MD-Ray Shipping Enterprise Co.,Ltd.) ဒေါ်သီဂီနွယ်၏ မိခင်သည် ၆-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ခင်မောင်ဇော်
မိသားစု(ဇီးကုန်းမြို့)

ကျေးဇူးတင်လွှာ

၃၁-၃-၂၀၀၄ရက်က ရွှေဂုံတိုင် အထူးကုဆေးခန်းတွင် ကွယ်လွန်သွားခဲ့သော ဦးမောင်ကျော် (၇၁)နှစ် (စစ်တွေ) နာမကျန်းဖြစ် စဉ် အထူးကြပ်မတ်ပြုစုကုသခဲ့ကြသော နှလုံးရောဂါနှင့် အထွေထွေ ရောဂါကုသမားတော်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုဆရာ၊ ဆရာမများ၊ ဆေးခန်းဝန်ထမ်းများ၊ ၄-၄-၂၀၀၄ ရက် နာရေးသို့ လိုက်ပါပို့ဆောင်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၆-၄-၂၀၀၄ ရက် ရက်လည်ဆွမ်းကျွေးသို့ ကြွရောက်ခဲ့ကြသူများ၊ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းပံ့ပိုး ကူညီခဲ့ကြသော ၄၃လမ်း သာရေးနာရေးအသင်းနှင့် လမ်းသူလမ်းသားများနှင့် လူကိုယ်တိုင်လည်းကောင်း၊ တယ်လီဖုန်းဖြင့် သတင်း မေးမြန်းခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (မော်လမြိုင်)
အသက်(၈၀)

မော်လမြိုင်မြို့နေ (ဦးချစ်လှိုင်–ဒေါ်သန်းညွန့်)တို့၏သမီး၊ (ဆရာ ဦးမြင့်သိန်း၊ အထက–၂၊ ငြိမ်း)၏ဇနီး၊ (ဒုတိယဗိုလ်မှူးကြီးအောင်ကြည်)–ဒေါ်တင်တင်အေး၊ ဒေါ်သန်းစိန်၊ ဗိုလ်မှူးချုပ်သာဌေး(ငြိမ်း)–(ဒေါ်ခင်သန်းနွဲ့)၊ (အရာခံဗိုလ်မြင့်သိန်း)–ဒေါ်နှင်းရွှေတို့၏အစ်မကြီး၊ ဗိုလ်မှူးချုပ်အေးမြင့်ကြူ–ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသန်းဝင်း–ဒေါ်ခင်နွယ်နွယ်မြင့် (MEPE၊ မွန်ပြည်နယ်)၊ ဗိုလ်မှူးကြီးသန်းညိန်း–ဒေါ်ခင်သွယ်သွယ်မြင့်(စီမံကိန်းရေးဆွဲရေး)၊ ဒုတိယဗိုလ်မှူးကြီးလှဌေး–ဒေါ်ခင်လေးမြင့်(ရသုံးမှန်းခြေ)၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်–ဒေါ်မာလာသင်း၊ ဦးအေးဇော်–ဒေါ်ခင်ခိုင်ခိုင်မြင့်(နေခြည်နွေးနွေး ခရီးသွားလုပ်ငန်း)၊ ဦးမြင့်ထူး–ဒေါ်သီလေးအောင်တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၈–၄–၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၃း၁၆ နာရီတွင် တောင်ငူမြို့ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀–၄–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူပြည်သူ့ဆေးရုံကြီးမှ ဇောတိကာရသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (မော်လမြိုင်)
အသက်(၈၀)

မော်လမြိုင်မြို့နေ (ဦးချစ်လှိုင်–ဒေါ်သန်းညွန့်)တို့၏သမီး၊ (ဆရာ ဦးမြင့်သိန်း၊ အထက–၂၊ ငြိမ်း)၏ဇနီး၊ (ဒုတိယဗိုလ်မှူးကြီးအောင်ကြည်)–ဒေါ်တင်တင်အေး၊ ဒေါ်သန်းစိန်၊ ဗိုလ်မှူးချုပ်သာဌေး(ငြိမ်း)–(ဒေါ်ခင်သန်းနွဲ့)၊ (အရာခံဗိုလ်မြင့်သိန်း)–ဒေါ်နှင်းရွှေတို့၏အစ်မကြီး၊ ကိုမိုးသက်(MEPE)–မသန္တာဝင်း၊ မအေးမြမြငြိမ်း၊ ဗိုလ်လောင်းနွေအေး၊ ဗိုလ်နိုင်ညိန်း၊ ဗိုလ်လောင်းချမ်းညိန်း၊ မခင်ကြည်သာ၊ မနေခြည်သာ၊ မောင်ခန့်စည်သာကျော်၊ မထက်ရည်ဝင်း၊ မောင်သက်ဖြိုးဝင်းတို့၏အဘွား၊ မီးမီးလေး၏ဘွားဘွားကြီးသည် ၈–၄–၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ ၃း၁၆ နာရီတွင် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀–၄–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူပြည်သူ့ဆေးရုံကြီးမှ ဇောတိကာရသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမြေးတစ်စု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးမြင့် (မော်လမြိုင်)
အသက်(၈၀)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင် ဒေါ်အေးမြင့် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသက်လွင်တိုး–ဒေါ်လွင်လွင်ကျော်
Myanmar Voyages Tourism Co.,Ltd.

ကျေးဇူးတင်ရှိခြင်း
ထွန်းစုမြတ်မွန်သိန်း(ခ) Barbie လေး
အသက်(၄)နှစ်

၃၀–၃–၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားခဲ့သော သမီးလေး ထွန်းစုမြတ်မွန်သိန်း(ခ) Barbie လေးအား စေတနာအပြည့်ဖြင့် အစွမ်းကုန်ကုသပေးခဲ့သော ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ် ကုသဆောင်မှ တာဝန်ခံဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ ဝန်ထမ်းများ၊ သွေးလှူဒါန်းပေးသူများ၊ ၁–၄–၂၀၀၄ရက် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ရာသို့ မေတ္တာစေတနာဖြင့် လာရောက်ပို့ဆောင်ကြသူများ၊ အိမ်တိုင်ရာရောက် နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်း၊ ကြေးနန်းဖြင့် ဝမ်းနည်းကြောင်း ပြောကြားခဲ့သူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့ကြသူများ၊ လိုအပ်သည်များအဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ထွန်းထွန်း၊မာလာသိန်းနှင့်ကျန်ရစ်သူမိသားစု။

ကိုသန်းနိုင်(ခ)
ကိုသန့်ဇင်ကျော် (မုံရွာ)
အသက်(၃၁)နှစ်

မုံရွာမြို့၊ စာရေးတန်းလမ်း၊ ရုံးကြီးရပ်နေ ဦးကျော်တင်(အငြိမ်းစား၊ ရေနံ)–(ဒေါ်နွဲ့နွဲ့ရီ)တို့၏သား၊ မရီရီတင်–ကိုဖုန်းမော်အေးတို့၏မောင်သည် ၈–၄–၂၀၀၄ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၄–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [တိုက် ၁၊ မြေညီထပ်(ယာ)၊ အေးရိပ်မွန်၊ ၁ လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၈၀၉၄ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ရန်ကုန်တိုင်း)။

ဒေါ်တိုးနွဲ့ရီ
B.A (LL.B)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၄၄၊ ဟံသာဝတီ ၂၂ လမ်းနေ ဦးခင်မောင်ကြည်–(ဒေါ်ကြည်ကြည်)တို့၏ ဒုတိယသမီး၊ (ဦးတုတ်)–ဒေါ်ကျင်နုတို့၏သမီးချွေးမ၊ ဒဂုံအရှေ့ပိုင်း၊ (၁၃)ရပ်ကွက်၊ အမှတ် ၉၇၁ နေ ဦးမြင့်အောင်၏ဇနီး၊ မောင်ဟန်လင်းစိုး–မဝေမာဝင်း၊ မောင်ဇွဲဝဏ္ဏဇော်တို့၏မိခင်၊ ဒေါ်ခင်ဆွေငြိမ်း၏ညီမ၊ ဦးဇော်မင်း၊ ဦးကျော်ဦး–ဒေါ်ထားနွဲ့ရီ၊ ဦးတင်မြင့်–ဒေါ်သက်လေးနွယ်၊ ဒေါ်ကြိုင်ကြိုင်လွင် (စက်မှုလယ်ယာဦးစီးဌာန)၊ ဦးတင့်ဝေ–ဒေါ်ဝေဝေလွင်(နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)တို့၏အစ်မ၊ တူ တူမ ခြောက်ယောက်တို့၏ကြီးတော်သည် ၈–၄–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၀–၄–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပ နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မြန်မာ့အလင်းသတင်းစာ (၂၈–၃–၂၀၀၄)ရက်စွဲပါ
တရားရုံးချုပ်ရှေ့နေ ဦးငွေသန်း၊ ဒေါ်ညွန့်ညွန့်ကြည်တို့၏
ကြေညာချက်အပေါ် ဖြေရှင်းကန့်ကွက်ချက်

ကျွန်တော်၏ အမှုသည်များဖြစ်ကြသည့် မစောစန္ဒာသန်း(၁၂/ဒဂန(နိုင်)၀၀၀၂၈၀)၊ မစုနန္ဒာသန်း(၁၂/မဂဒ(နိုင်)၀၉၂၁၅၅)တို့၏ လွှဲအပ်ချက်အရ အထက်ပါကြေညာချက်ကို ငြင်းဆိုကန့်ကွက်လိုက်ပါသည်။

အဆိုပါ သဃ်န်းကျွန်း၊ (သာခုခြံအိမ်ရာ) တိုက်–အေ၊ အခန်း(၀၀၂)၊ မြေညီထပ်တိုက်ခန်းမှာ ကျွန်တော်၏အမှုသည်နှစ်ဦး ငွေသက်သက်ဖြင့် အိုလံပစ်ကုမ္ပဏီမှ ဝယ်ယူလက်ရောက် အမည်ပေါက်ပိုင်ဆိုင်လာခဲ့ပါသည်။ မိခင်ဒေါ်ညွန့်ညွန့်ရှိန်အား သားသမီးတို့၏ ဝတ္တရားနှင့်အညီ ကျွန်တော့်အမှုသည်တို့နှင့်အတူ နေထိုင်စေခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော့်အမှုသည်နှစ်ဦးသည်သာ ယင်းတိုက်ခန်းကို လုံးလုံးလျားလျား ပိုင်ဆိုင်ပြီး၊ အခြားမည်သူနှင့်မှ မသက်ဆိုင်ပါ။ ယင်းသို့ မဟုတ်မမှန် ကြေညာဖော်ပြချက်ကို ရုပ်သိမ်းပေးရန်နှင့်ပိုင်ရေးဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်မှုမှန်သမျှကို ဥပဒေအရ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

မစောစန္ဒာသန်းနှင့်မစုနန္ဒာသန်းတို့၏ လွှဲအပ်ချက်အရ–

ဦးဇော်ဝင်းလှိုင် B.A (Law) LL.B
တရားရုံးချုပ်ရှေ့နေ (၁၃၂၈)
အေ(၅)၊ ဒု–ထပ်၊ ၅၀၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်၊ဖုန်း–၅၇၇၈၃၁။

ဗိုလ်မှူးချုပ်စိန်လွင် (ငြိမ်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ ခြံအမှတ် ၁၆ နေ ဦးရွှေရင်–ဒေါ်မာကြီးတို့၏သား၊ ဦးစံရင်–ဒေါ်နှင်းလှိုင်တို့၏သားသမက်၊ ဒေါ်တင်တင်လှိုင်၏ခင်ပွန်း၊ ဒေါ်လဲ့လဲ့လွင်၊ ဦးကျော်လွင်ဦး–ဒေါ်ကြည်ကြည်မေ၊ ဦးရဲလွင်ဦး၊ ဦးမင်းလွင်ဦး၊ ဦးလှဝေ–ဒေါ်ချိုလွင်ဦး၊ ဦးယုလွင်ဦး–ဒေါ်ခင်ယဉ်ယဉ်ထွန်း၊ ဒေါ်စောသုမာလာလွင်ဦးတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၉–၄–၂၀၀၄ရက် (သောကြာနေ့) နံနက် ၇း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းပါမည်။(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးမြင့် (မော်လမြိုင်)
အသက်(၈၀)

ဗိုလ်မှူးချုပ်အေးမြင့်ကြူ–ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊မြန်မာစာဌာန၊ရန်ကုန်တက္ကသိုလ်)တို့၏မိခင် ဒေါ်အေးမြင့် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာမိသားစု
ရန်ကုန်တက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးသန်းညိန်း–ဒေါ်ခင်သွယ်သွယ်မြင့်(ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏မိခင် ဒေါ်အေးမြင့်(မော်လမြိုင်) အသက်(၈၀)သည် ၈–၄–၂၀၀၄ရက်(ကြာသပတေးနေ့)တွင် တောင်ငူမြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

လုပ်ဖော်ကိုင်ဖက်များ
ဝန်ထမ်းများနှင့်သူငယ်ချင်းများ
စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးညွန့်ဟန် (ငြိမ်း)
အသက်(၆၆)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်လုံးဆိုင်ရာ အောင်မြေလောကဓမ္မာရုံနှင့် လူမှုရေးအကျိုးဆောင်အဖွဲ့ နာယကနှင့် (၁၄/၃)ရပ်ကွက် သေနတ်ပစ်ကွင်းလမ်း အနောက်ဘက်ခြမ်း နိုင်လွန်ကတ္တရာလမ်းဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးညွန့်ဟန်(ငြိမ်း) ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

အောင်မြေလောကဓမ္မာရုံနှင့်လူမှုရေးအကျိုးဆောင်အဖွဲ့
သေနတ်ပစ်ကွင်းလမ်းအနောက်ဘက်ခြမ်း
ကတ္တရာလမ်းဖြစ်မြောက်ရေးကော်မတီ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယကာကြီး
ရွှေကြက် ဦးတင်ဦး(ပန်းတနော်)
သိင်္ဂီရွှေရည်လက်ဖက်ရည်ဆိုင်
အသက်(၇၂)နှစ်

အမှတ် ၆၊ စက်မှုလက်မှု ၁ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေနှင့်အမှတ် ၂၆၅၊ အထက်ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ (တရုတ်ဆေးဆရာကြီး ဦးတင်ကြိုင်–ဒေါ်တင်မြိုင်)တို့၏သားကြီး၊(ဦးဝါနန်း–ဒေါ်မြရင်)တို့၏သားသမက်၊ ဒေါ်ကြင်မွှေး၏ခင်ပွန်း၊ (ဦးစံလွင်) [Second mate (F.G)]–ဒေါက်တာဒေါ်နွဲ့နွဲ့ဦး၊ ဦးသက်လင်း၊ ဦးဝင်းမိုး–ဒေါက်တာဒေါ်သန်းသန်းဝင်း၊ ဦးအောင်နိုင်ဦး–ဒေါ်ဗိုလ်ဗိုလ်အောင်၊ ဦးအောင်ဇော်ဦး–ဒေါ်ခင်မိုးအေးတို့၏ဖခင်ကြီး၊ မောင်အောင်ကိုဟိန်း၊ မစုစန္ဒီဦး၊ မမိုးဟေဟန်ဆု၊ မမြတ်သိင်္ဂီဆု၊ မောင်ဖွဲ့ပြည့်အောင်၊ မောင်အောင်ခန့်၊ မမိုးဟန်နီဇော်၊ မမိုးသီတာဇော်တို့၏အဘိုးသည် ၆–၄–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၄–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၆၊ စက်မှုလက်မှု ၁ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ သိမ်ကြီးဈေး D ရုံ၊ ရွှေကြက်ပဲလှော်ဆိုင်နှင့် အမှတ် ၂၆၅၊ အထက်ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ် သိင်္ဂီရွှေရည်လက်ဖက်ရည်ဆိုင်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုမင်းဆက် (Terry)
အသက်(၄၂)နှစ်

အမှတ် ၅၀၇၊ အခန်း ၄၊ ပြည်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့နေ (ဦးသိန်းအောင်ချို) (ဒေါ်ခင်ချိုချို) (ဒေါ်ခင်သန်းချို Ruby)တို့၏သား၊ ဦးချိုဆက်၊ (ကိုဘိုဆက်)တို့၏ညီ၊ ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်ဌေးတို့၏ တူသည် ၉–၄–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀–၄–၂၀၀၄ရက်(စနေနေ့)နံနက် ၁၀ နာရီတွင်ထိန်ပင်သုသာန်အအေးတိုက်တွင် ဝတ်ပြုဆုတောင်းပြီး နံနက် ၁၀း၃၀ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်လှိုင်
အသက်(၇၀)

ရန်ကုန်မြို့၊ ကမာရွတ်၊ လှည်းတန်းနေ(ဦးမောင်ရွှေ–ဒေါ်လှရင်)တို့၏သမီး၊ (ဦးရန်ဟွန်းစွန်း)၏ဇနီး၊ တောင်ငူမြို့နေ ဦးအယောက်–(ဒေါ်ခင်လှ)၊ မော်လမြိုင်မြို့နေ ဦးလျှံကျင်–ဒေါ်ညွန့်ရင်တို့၏ညီမ၊ မန္တလေးမြို့နေ (ဦးထွန်းမြင့်)–ဒေါ်ခင်သန်း၊ ဦးအန်ကူတို့၏အစ်မ၊ ကျောက်မြောင်းရပ်ကွက်၊ကျောက်မြောင်းလမ်းနေ ဦးအောင်သန်း–ဒေါ်ခင်ကြည်၊ အမှတ် ၃၂၊ ပဒေသာလမ်း၊ မြေနီကုန်းနေ ဦးဝင်းမောင်–ဒေါ်ဌေးဌေးအောင် (ဝင်းသိင်္ဂီရောင်းဝယ်ရေး၊မင်္ဂလာဒုံဈေး)၊ ဦးသန့်ဇင်၊ (မညိုညိုလှိုင်)၊ မခင်စန်းဝေ(ခ)အငယ်တို့၏မိခင်၊ မမီမီလှိုင်၊ မောင်ဝင်းသူ၊ မဇာဇာ၊ မောင်အောင်ကျော်သူတို့၏အဘွားသည် ၇–၄–၂၀၀၄ရက် နံနက် ၁း၁၀ နာရီတွင် မဟာမြိုင်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၁–၄–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ပါမည်။[မြေနီကုန်းနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။ မင်္ဂလာဒုံဈေး (ရန်ကုန်ပဲဆီသန့်)ရှေ့မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာ
ဦးသိန်းဝင်း
အထက(၂)ကြည့်မြင်တိုင်
ကျောင်းသားဟောင်း
အသက်(၄၂)နှစ်

အမှတ် ၈၅၇(၁)ရပ်ကွက်၊ ၂ လမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးမောင်လွင်–ဒေါ်သန်းရွှေ)တို့၏သားကြီး၊ (ဦးကြင်–ဒေါ်ကျင်လှိုင်)တို့၏သားသမက်၊ ဒေါ်အေးအေး၏ခင်ပွန်း၊ မကောင်းခြူးခြူး၏ဖခင်သည် ၉–၄–၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်
(ဖျိုင်းရေအိုးစင်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ဖျိုင်းရေအိုးစင်လမ်း၊ အမှတ် ၃၉၊ အခန်း ၁၂ နေ (ဦးမောင်ကြီး – ဒေါ်သိန်းတင်)တို့၏သား၊ ဒေါ်အမာ၏မောင်၊ (ဦးကိုညွန့်–ဒေါ်စန်းညွှာ)၊ (ဦးကိုကိုကြီး)–ဒေါ်ခင်ငြိမ်းငြိမ်း၊ ဦးကျော်စိန်–ဒေါ်အမာ၊ ဦးကြည်ညွန့်–ဒေါ်စန်းရီ၊ ဦးမောင်မောင်–ဒေါ်ဝင်းမေ၊(ဦးတင်ထွန်း)–ဒေါ်ဝင်းမြင့်တို့၏အစ်ကိုကြီး၊ တူ တူမ ၂၄ ယောက်တို့၏ဘကြီး၊ မြေး ၁၈ ယောက်တို့၏အဘိုးသည် ၈–၄–၂၀၀၄ရက် နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၄–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အစိန် (မဲဇလီရွာမ)
အသက်(၈၂)နှစ်

ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ မဲဇလီရွာမနေ (ဦးကြောင်နီ–ဒေါ်ဖွားရှင်)တို့၏သမီး၊ မန္တလေးမြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ယန္တရားတပ်ခွဲ(မြောက်)မိသားစုလိုင်းနေ (ဦးထွန်းအောင်)၏ဇနီး၊ ဦးရွှေကျော်–ဒေါ်ရီရီတင်၊ ဦးဝင်းနိုင်–ဒေါ်ရီရီဝေ၊ ဦးအောင်စိုး–ဒေါ်တင်ကြွယ်၊ ဦးစိုးလှိုင်(ခ)ဦးစိုးပိုင်–ဒေါ်တင်တင်မြတို့၏မိခင်၊ မြေး၁၁ယောက်၊မြစ်ခြောက်ယောက်တို့၏အဘွားသည် ၉–၄–၂၀၀၄ရက်(သောကြာနေ့)နံနက်၁၀း၁၅နာရီတွင် မန္တလေးမြို့နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၀–၄–၂၀၀၄ရက်(စနေနေ့)နံနက်၁၀ နာရီတွင် မန္တလေးမြို့ တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ရွှေ (ဟသ်ာတ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဓမ္မာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ ခြံအမှတ် ၆၃–အေ နေ (ဦးဖိုးဉာဏ်–ဒေါ်မယ်တင့်)တို့၏သမီး၊ ဦးမြတင်၏ဇနီး၊ ဒေါ်လှသန်းဦး၊ ဦးခင်မောင်သန်း(MD-Ray Shipping Enterprise Co., Ltd.)–ဒေါ်သိင်္ဂီနွယ်၊ဦးကြည်တိုး(လ/ထ ညွှန်ကြားရေးမှူး၊ စစ်ကိုင်းမီးသတ်)–ဒေါ်ဝင်းဝင်းတင်(လယ်/ပြ)၊ ဒေါ်ရင်ရင်တင် (မူ/အုပ်၊ မော်ကျွန်း)၊ ဦးစိုးမင်း(CREW Manager Ray Shipping)–ဒေါ်ဆုမြတ်နိုင်၊ ဒေါ်အေးအေးတင်(လယ်/ပြ၊ အင်းစိန်)၊ဦးကျော်ကျော်နိုင် (2/0)–ဒေါ်သန်းသန်းအေး၊ ဦးခင်လှိုင်(World Marine)–ဒေါ်စုစုတင်၊ ဦးဆန်းဝင်းအောင်(A/B World Marine)–ဒေါ်တင်မိုးခိုင်တို့၏ မိခင်၊ မြေး ၁၄ ယောက်တို့၏ ဘွားဘွားကြီးသည် ၆–၄–၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄း၅၀ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၄–၂၀၀၄ ရက် (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ်တင်အောင် (ငြိမ်း)
(မင်္ဂလာဒုံ)
အသက်(၆၇)နှစ်

သာရဝေါမြို့နေ (ဦးဆောင်းလင်း–ဒေါ်လုရီ)တို့၏သား၊ သာရဝေါမြို့၊ ကုလားချောင်းကျေးရွာနေ(ဦးမန်း–ဒေါ်စိန်ခ)တို့၏သားသမက်၊ လှိုင်မြို့နယ်နေ ဦးမောင်မောင်–ဒေါ်ညွန့်ရီတို့၏ တူ၊ ကျောက်ပန်းတောင်းမြို့နယ်(ဦးဝက်စု)–ဒေါ်အမာတို့၏မောင်၊ ဒေါ်တင်တင်အေး (အထက–၂၊ မင်္ဂလာဒုံ)၊ ဦးဇော်မိုး(တပ်စာရင်းကိုင်၊ ပျဉ်းမပင်)–ဒေါ်စန်းစန်းဝင်း (အကြီးတန်းစာရေး၊ ဗဟိုဘဏ်)၊ ဗိုလ်ရဲလင်းအောင် – (ဒေါ်မော်မော်အောင်)တို့၏ ဖခင်၊မသဉ္ဇာမော်အောင်၏အဘိုး၊ အမှတ် ၄၁၊ ဉာဏသုခလမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ခင်ဆင့်(စား/ထွေ၊ ငြိမ်း)၏ခင်ပွန်းသည် ၈–၄–၂၀၀၄ရက် (ကြာသပတေးနေ့) ၁၀း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၄–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ကုမာရထေရ် (တောင်ကုတ်)
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ သိမ်တောင်ကျောင်းကြီး၌ သီတင်းသုံးတော်မူသည့် ကံပိုင်ဂိုဏ်းကြီး၏ ဦးစီးနာယက၊ ဂဏာစရိယ၊ ဂဏပါမောက္ခ၊ လဇ္ဇီပေသလ၊သိက္ခာကာမ၊ဝိနယဂရုကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ကုမာရမဟာထေရ်သည် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက် (၁၀–၅–၂၀၀၄ရက်)တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနကော်မတီ
သိမ်တောင်ကျောင်းကြီး၊တောင်ကုတ်မြို့၊ရခိုင်ပြည်နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကဝိန္ဒ
မြို့နယ်သံဃနာယကအဖွဲ့ဝင်
ဝေဇယန္တာကျောင်း၊ ရွာသစ်ကျေးရွာ အိမ်မဲမြို့နယ်
သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃၆)ဝါ

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာ၊ ဝေဇယန္တာကျောင်းတိုက်ကြီး၏ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဝင်ဖြစ်တော်မူသော ဘဒ္ဒန္တ ကဝိန္ဒသည် ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက် (အင်္ဂါနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁၁ ရက် (၂၉–၄–၂၀၀၄ရက်)တွင် အန္တိမအဂ္ဂိစျာပနပွဲပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမများ၊
စျာပနကျင်းပရေးကော်မတီ၊ရွာသစ်ကျေးရွာ၊အိမ်မဲမြို့နယ်။

ဦးချစ်တင်(ခ)စောကျင်ဝမ်
အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ (ဒေါ်တီတီ)၏ခင်ပွန်း၊ ဦးဖေခင်–ဒေါ်တူး(ခ)ဒေါ်ခင်သန်းလွင်၊ ဒေါ်ရှုဟောင်(MPE)၊ ဦးမောင်မောင်ကြီး(ခ)ဦးအောင်ကျော်မြင့် (Advocate)၊ (ဦးမောင်မောင်လေး)–ဒေါ်တင်လှ(အထက–၂၊ လမ်းမတော်)၊ ဒေါ်ယဉ်လှ(အထက–၂၊ ဒဂုံ)၊ ဦးကျော်ဝင်း–ဒေါ်နုနုခင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၈–၄–၂၀၀၄ရက် နံနက် ၀၀း၁၅ နာရီတွင် အမှတ် ၁၀၀၊တရုတ်ဘုရားကျောင်းလမ်း၊တာမွေလေး၊ ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၄–၂၀၀၄ရက် နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မြောင်းမြမြို့နယ်အသင်း
ဒေါ်သန်းသန်း
အသက်(၈၂)နှစ်

မြောင်းမြမြို့နေ (ဦးထွန်းမောင်–ဒေါ်ဆင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝဋ္ဋုဝန်အိမ်ရာ (တိုက်ဟောင်း)၊ တိုက် ၁၈/၁၂ နေ (ဦးလှကျော်)၏ဇနီး မြောင်းမြမြို့နယ်အသင်း၏ ရာသက်ပန်အသင်းဝင် ဒေါ်သန်းသန်းသည် ၄–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၄–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားအသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်တင်တင်စု
အမှတ်(၂)သတ္တုတွင်း(ငြိမ်း)
အသက်(၆၆)နှစ်

ပုသိမ်မြို့နေ(ဦးကျော်သောင်း–ဒေါ်သိန်းအုံ)တို့၏သမီး၊မန္တလေးမြို့နေ(ဦးဘအေး–ဒေါ်ခင်မြင့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊တိုက်အမှတ်၂၇၁၊အခန်း ၆၊ အရှေ့ရန်ကင်းနေ(ဗိုလ်ကြီးသိန်းအောင်–လေ)ပြင်ဦးလွင်မြို့ သံစီမံကိန်း(ငြိမ်း)၏ဇနီး၊ ကိုအောင်ခိုင်ဦး၊ (ကိုအောင်လွင်လတ်)၊ မမြတ်သူဇာ–ကိုမြင့်ဇော်လတ်၊ မကေသီခိုင် (PCML) – ကိုသူရဝင်းတို့၏မိခင်၊ မောင်ဝေယံဇော်တင်၊ မောင်လင်းမြတ်ဇော်လတ်၊ မောင်ထက်မြက်သူရတို့၏အဘွားသည် ၇–၄–၂၀၀၄ရက် ည ၉း၁၅ နာရီတွင် UHC ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၉–၄–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူမိခင် ဒေါ်တင်တင်စု၏ စျာပနတွင် အဘက်ဘက်မှ အားပေးကူညီခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ပေးသော PCML မိသားစု၊ Tioman Drilling နှင့် Smart Tech တို့အားကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်သီး
အသက်(၈၅)နှစ်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ တခွက်ဖိုးကျေးရွာနေ(ဦးကော်သောင်–ဒေါ်မူချား)တို့၏သမီး၊ တောင်ငူမြို့၊ မင်းကြီးညိုနေ(ဦးစောညွန့်မြိုင်)–ဒေါ်နန်းမြသွင်၊ ဘားအံမြို့နေ ဦးစောကြာလေးခင်–ဒေါ်နန်းစန်းခင်၊ ရန်ကုန်မြို့နေ ဦးစောလွန်းငွေ–နော်စိန်သန်း၊ မြဝတီမြို့နေ ဦးစောတင်လေး–နန်းစိန်မြရင်၊ ကျောက်ဆည်မြို့နေ ဦးစောပန်အေး–နန်းစိန် မြကျင်၊ ရန်ကုန်မြို့၊ အင်းစိန်နေ ဦးစောမြင့်စိုး–ဒေါ်နန်းခင်စန်းဦး(ရန်ကုန်ကလေးဆေးရုံကြီး)တို့၏မိခင်၊မြေး ၁၇ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးသာဝင်း)၏ဇနီးသည် ၈–၄–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၄–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်လေး
(လယ်ဝေး)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၄၄ နေ (ဦးမင်းဒင်–ဒေါ်ညို)တို့၏သား၊ ဒေါ်မြသန်း၏ခင်ပွန်း၊ ဒေါ်ခင်မာလာ၊ ဦးသန်းမောင် – ဒေါ်ခင်သီတာ (သတ္တုတွင်းဦးစီး)၊ ဦးအောင်ထွဋ်–ဒေါ်ရီရီမြင့်(ဆည်မြောင်း)၊ ဦးသန်းထွဋ်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၉–၄–၂၀၀၄ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၄–၂၀၀၄ရက် နံနက် ၁၁ နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်သန်း
အသက်(၄၉)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ် ၁၄၅ နေ (ဦးကျော်ရင်–ဒေါ်နီ)တို့၏သား၊ (ဦးသောင်း)–ဒေါ်လှဆိုင်တို့၏သားသမက်၊ဒေါ်သန်းပို၏ခင်ပွန်း၊ ဦးတင်ဆောင်–ဒေါ်မြသန်း၊ ဦးမောင်မောင်သန်း–ဒေါ်အောင်(အောင်နန်းသစ်မွေ့ရာဆိုင်)၊ ဦးတင်အောင်–ဒေါ်စိန်စိန်(အဆွေတော် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏မောင်၊ ဒေါ်ယဉ်ယဉ်ကြည်၊ ကိုအေးသိန်းတို့၏အစ်ကို၊ မသော်သော်အောင်၊ မောင်သက်ပိုင်အောင်၊ မဝေါအောင်တို့၏ဖခင်သည် ၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၃၊ မန်နေဂျာ ၅၄၄၃၃၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဆင်းပွဲ တက်ရောက်မိန့်ခွန်းပြောကြား

ရန်ကုန် ဧပြီ ၉

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ဂုနာရီခွဲတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ***စာမျက်နှာ ၉ ကော်လံ ၅*** ✡

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကောက်နုတ်ချက်

- ✳ ခေတ်မီတပ်မတော်တည်ဆောက်ရန် တာဝန်ရှိသည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင်လည်း အထောက်အကူပြုနိုင်ကြရမည်။
- ✳ နိုင်ငံတစ်ဝန်းလုံးတွင် အရည်အချင်းမြင့်မားသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။
- ✳ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသူများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အကျိုးပြုနေကြသူများကို ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိသည်။
- ✳ တပ်မတော်နှင့် နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် သားကောင်းရတနာတွေဖြစ်အောင် ကြိုးပမ်းကြရန်လိုသည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ယနေ့ထုတ်ဓာင်ရေ – ၂၀၀၉၇၀

သင်္ကြန်ချစ်သူများစုဝေးရာ မန္တလေးက ယဉ်ကျေးမှုသင်္ကြန်

သတင်းဆောင်းပါး-စိန်ရွှေလှိုင်

ရန်ကုန် ဧပြီ ၉

xxသင်္ကြန်နှစ်ဦး တူးပို့ တူးပို့ ထူးသံမြူးသာယာ x xသင်္ကြန်မယ်များ တူးပို့ တူးပို့ တူးမာရဲ့နော်ဗျာ x x ငွေ ငန်းသံစုံ တူးပို့ တူးပို့ အာရုံဖျော်ဖြေကာ xx မယ်တို့ကိုလည်း တူးပို့ တူးပို့ မာပါစေခင်ဗျာ။ xx

သင်္ကြန်ပွဲတော်ရက်နီးလာ၍ သင်္ကြန်တေးသံများ ကြားရပြန်တော့ မိမိ ရှင်သန်ကြီးပြင်းလာခဲ့သော မန္တလေးသင်္ကြန်များကို ပြန်လည်သတိရမိသည်။ မန္တလေးသင်္ကြန်သည် အစဉ်အလာကြီးသော သင်္ကြန်ဖြစ်သည်။ ရတနာပုံခေတ်မှစ၍ အဆို၊ အကများဖြင့် ယဉ်ကျေးစွာ ရေကစားခဲ့ကြသည်။ ***စာမျက်နှာ ၁၃ ကော်လံ ၁*** ✳

မဟာသင်္ကြန်ကာလအတွင်း သတင်းစာများအလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၉

၁၃၆၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂ ရက် မဟာသင်္ကြန် အကြိုနေ့၊ ဧပြီ ၁၃ ရက် မဟာသင်္ကြန်အကျနေ့နှင့် ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကြတ်နေ့တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့၊ ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့နှင့် ဧပြီ ၁၇ ရက် ၁၃၆၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။ (သတင်းစဉ်)